အပ္ပမာဒေါ စ ခမ္မေသု ဇတေ မင်္ဂလ မုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၃)

ရင်း
ရင်း
နှီး
နှီး
နှုတ်
ဆက်

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးလူထုအစည်းအဝေးတွင် ပါဝင်သော အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်သူ့ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသော ညစာစားပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသောလူထုအစည်းအဝေး အောင်မြင်ခြင်းအထိမ်းအမှတ် လက်ဖက်ရည်ပွဲနှင့် ညစာစားပွဲတည်ခင်း ပြည်နယ်နှင့်တိုင်းများမှပြည်သူ့ကိုယ်စားလှယ်များအားရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အောက်တိုဘာ ၂၀ ရက် ညပိုင်းတွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံဆည်းဆာဟိုတယ်မြက်ခင်းပြင်၌ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးလူထုအစည်းအဝေးတွင် ကဏ္ဍအသီးသီးမှပါဝင်ဆောင်ရွက်ကြမည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❀

ယူရိုငွေ ၁၅ ဒသမ ၂ သန်းကျော်တန်ဖိုးရှိ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများ မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ရောင်းချ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို အောက်တိုဘာ ၁၇ ရက်မှ စတင်၍ တင်ဒါစနစ်၊ဈေးပြိုင်စနစ်တို့ဖြင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရောင်းချခဲ့ရာ ယနေ့ နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် အောင်မြင်စွာ ပြီးစီးသွားသည်။

ရှေးဦးစွာ အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ယူရိုတန်ဖိုးငွေ ၆၈၂၇၁၁၀ တန်ဖိုးရှိသည့် ကျောက်စိမ်းအတွဲပေါင်း ၃၄၈ တွဲကိုလည်းကောင်း၊ အောက်တိုဘာ၂၀ရက်မှ ၂၁ ရက်အထိ ယူရိုတန်ဖိုးငွေ ၈၂၁၈၄၃၅ တန်ဖိုးရှိသည့် ကျောက်မျက်အတွဲပေါင်း ၄၄ တွဲကို လည်းကောင်း၊ အောက်တိုဘာ ၂၂ရက် ယနေ့တွင် ယူရိုတန်ဖိုးငွေ ၁၄၅၃၄၉ တန်ဖိုးရှိ ပုလဲအတွဲပေါင်း ၄၄ တွဲကိုလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြရာ

စာမျက်နှာ ၁၁ ကော်လံ ၂ ▼

ကျောက်မျက်ရတနာများ ကြားဖြတ်ရောင်းချခြင်းလုပ်ငန်း နိုင်ငံတော်နှင့် လုပ်ငန်းရှင်များအကျိုးအတွက်တိုးချဲ့ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၂

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိစေရန်နှင့် ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်စသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းပြီး နှစ်စဉ် မတ်လနှင့်အောက်တိုဘာလများတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကျင်းပ၍ ကျောက်မျက်ရတနာများကို ရောင်းချလျက်ရှိသည်။

ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များက ရောင်းချလိုသည့် ကျောက်မျက်ရတနာအရိုင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)တွင် သီးခြားဖွင့်လှစ်ထားရှိသည့် ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာန

စာမျက်နှာ ၁၁ ကော်လံ ၄ ●

မြန်မာ့ကျောက်စိမ်းရတနာများ

ကမ္ဘာ့အလယ်တွင် မြန်မာ့ကျောက်မျက် ရတနာများ တစ်နေ့တခြားမျက်နှာပန်းပွင့်လျက်ရှိရာ နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်း ချခဲ့သည့် မြန်မာ့ကျောက်စိမ်းရတနာများကို တွေ့ရစဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

ဒီမိုကရေစီနိုင်ငံသစ်တည်ထောင်ရေးအောင်မြင်မှုဆက်လက်ထိန်းသိမ်း နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်အောင်မြင်ရေး ကျရာကဏ္ဍကပါဝင်

၂၀၀၃ခုနှစ် ဩဂုတ်လ၃၀ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါမူဝါဒလမ်းစဉ်ခုနစ်ရပ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနာဂတ်မျှော်မှန်းချက် ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် မူဝါဒလမ်းစဉ်လည်းဖြစ်သည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်နှင့် ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို စက်တင်ဘာလ ၂၀ရက်နေ့မှစတင်ကာ ရန်ကုန်မြို့၊ မန္တလေးမြို့၊ဘားအံမြို့၊ မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊တောင်ကြီးမြို့၊ ပဲခူးမြို့၊ ပုသိမ်မြို့၊မကွေးမြို့၊ စစ်တွေမြို့၊မော်လမြိုင်မြို့၊ပြည်မြို့၊ကျိုင်းတုံမြို့၊ မုံရွာမြို့၊ မြိတ်မြို့နှင့်လားရှိုးမြို့တို့၌အသီးသီးကျင်းပခဲ့သည်။

ဒေသအသီးသီးတွင် ကျင်းပပြုလုပ်ခဲ့သည့် လူထုအစည်းအဝေးများတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရေးကို တစ်ခဲနက်ဆုံးဖြတ်ခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်သူလူထုအားလုံး၏ ဆန္ဒနှင့် ဆုံးဖြတ်ချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စုစည်းပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး သန္နိဋ္ဌာန်ချမှတ်နိုင်ကြရန် အောက်တိုဘာလ၂၁ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီခြေတော်ရင်းရှိ အားကစားကွင်း၌ လူထုအစည်းအဝေးကြီး ကျင်းပရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူလူထုကိုယ်စားလှယ်များ တစ်ခဲနက်တက်ရောက်ခဲ့ကြသည်။

အဆိုပါလူထုအစည်းအဝေးကြီး၌ သဘာပတိ မန္တလေးတိုင်းမှ ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးမြစိန်က မိန့်ခွန်းပြောကြားရာတွင်–

"နိုင်ငံတော်အစိုးရ၏အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများ၊ဖြစ်ထွန်းအောင်မြင်မှုများ၊တိုးတက်ဖြစ်ပေါ်မှုများကိုထိန်းသိမ်းကာကွယ် စောင့်ရှောက်ရင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးဆိုင်ရာ မှန်ကန်သည့် အမျိုးသားလမ်းကြောင်းဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြပါစို့ဟု အလေးအနက်တိုက်တွန်းလိုက်ပါကြောင်း"

ပြောကြားသွားသည်။

ယင်းနောက် "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက်ပါဝင်ရေး" အဆိုကို ကချင်ပြည်နယ်မှ ဒေါ်ဘောက်ဂျာကတင်သွင်းသည်။

ဆက်လက်၍ "ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုအပေါ်ဂုဏ်ပြုရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းကဆက်လက်ထိန်းသိမ်းကာကွယ်ရေး"အဆိုကို ရှမ်းပြည်နယ်မှ နန်းခင်မွှေးကတင်သွင်းသည်။

အဆိုနှစ်ရပ်စလုံးကိုပုဂံလူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသောပြည်သူလူထုအပေါင်းတို့က တညီတညွတ်တည်း သဘောတူထောက်ခံခဲ့ကြသည်။

ထို့အပြင်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကျင်းပခဲ့သည့် လူထုအစည်းအဝေးကြီးက ပြည်ထောင်စု တိုင်းရင်းသားအပေါင်းတို့၏ သန္နိဋ္ဌာန်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ဖော်ထုတ်ရင်း–

* **ပြည်ထောင်စု အခွန့်ရှည်တည်တံ့ရေး**
* **တိုင်းရင်းသားသွေးစည်းညီညွတ်ရေး**
* **နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့်**
* **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်ရေး**

တို့ကို ပြည်သူတို့၏ပန်းတိုင်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်ရေး အောင်မြင်ဖြစ်ထွန်းမှုအခြေအနေကောင်းများကို ဆက်လက် ထိန်းသိမ်းကာကွယ်ရင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် CAFEO-21(အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ) တက်ရောက်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင် ၁၇ဦးသည် အောက်တိုဘာ ၁၉ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လိုက်ပါပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (က–ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်မြင်တိုင်မျက်မမြင်ကျောင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် အောက်တိုဘာ ၂၀ရက်က နံနက်ပိုင်းက ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ရောက်ရှိလာရာ ဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရှိ ဂီတအနုပညာ သင်ခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ လက်မှုအတတ်ပညာသင်တန်း၊ မျက်မမြင်စာဖေသင်ကြားမှုအခန်း၊ ကြိမ်ထိုးအတတ်ပညာသင်ခန်း၊ အနှိပ်ပညာသင်ခန်းများအား ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးသည် မျက်မမြင်သင်တန်းသားများအား စာပေ၊ ဂီတ၊ ကွန်ပျူတာ၊ အနှိပ်ပညာ၊ ကြိမ်ထိုးနှင့် အသက်မွေးမှု ပညာရပ်များအား စနစ်တကျဖြင့် ထိရောက်မှုရှိစွာ သင်ကြားပေးရေး၊ သင်တန်းသားများ၏ ကျန်းမာရေးနှင့် စားသောက်နေထိုင်ရေးတို့ကို အဆင်ပြေ ချောမွေ့စွာ စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Quality Publishing House

စာအုပ်တိုက်၊ အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၇၂၁၀၆၇၊ ၇၀၆၄၁၄ က ထုတ်ဝေဖြန့်ချိသော စာရေးဆရာကြီး ဒဂုန်ရွှေမျှား၏ နီနီလေး ဘာသာပြန် စာအုပ်မျက်နှာဖုံး။ (က–ပ)

စုပေါင်းမဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၂

ဒဂုံမြို့သစ်(တောင်ပိုင်း)ဓမ္မာစရိယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ (၁၄)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးကို နိုဝင်ဘာ ၂ရက်တွင် ဆရာတော်ဘဒ္ဒန္တနရပတိ(ဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော ဝါဆိုသံဃာ အပါး၂၀နှင့် ပင့်သံဃာ ၆၅ ပါးတို့အား သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်၊ ယပ်တို့ဖြင့် လှူဒါန်းပူဇော်မည်ဖြစ်ကြောင်း သိရသည်။**(က–ပ)**

ရွှေဘိုအလက(၁) အာစရိယပူဇော်မည်

ရွှေဘို အောက်တိုဘာ ၂၁

ရွှေဘိုမြို့ ဒေါ်ဖွားသိုက်ကျောင်း၊ တန်းလတ်ကျောင်း၊ အလက(၁)၏ သက်ပြည့်အငြိမ်းစားဆရာကြီးဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၈ရက် (အမျိုးသားနေ့)တွင် ရွှေဘိုအလက(၁)၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားဟောင်းများသည် အလှူငွေနှင့် ပစ္စည်းများကို ဦးဘိုကြီး (ရုပ်ပျို တိုင်းရင်းဆေး) ဖုန်း–၀၇၅–၂၁၅၈၇၊ ၂၁၂၅၂၊ ၂၁၆၄၆၊ ဦးတင်ဝင်း ဖုန်း–၀၇၅–၂၁၃၁၉၊ ဦးကျော်ဇော ဖုန်း–၀၇၅–၂၂၀၁၉၊ ၂၂၀၆၁ တို့ထံ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

လက်တွေ့အသုံးချ အင်ဂျင်နီယာသင်တန်း

ရန်ကုန် အောက်တိုဘာ ၂၂

လက်တွေ့အသုံးချ အင်ဂျင်နီယာသင်တန်းသို့ တက်ရောက်လိုသူများအတွက် TECH Training Centre တွင် တီဗွီ၊ ဗီဒီယို၊ ကက်ဆက် VCD နှင့် အီလက်ထရွန်နစ် ကျွမ်းကျင်မှုသင်တန်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ လက်တွေ့အသုံးချ လျှပ်စစ်မော်တာ ထိန်းချုပ်မှုသင်တန်း၊ ဂဟေဆက် ကျွမ်းကျင်မှုသင်တန်း၊ လုပ်ငန်းခွင် လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ တွင်ခုံနှင့် ကွန်ပျူတာအသုံးပြု တွင်ခုံသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ ခြံအမှတ်(၄၁)၊ ရန်ကုန်အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ဖုန်း–၅၃၉၅၃၁၊ ၇၀၅၇၀၂၊ ၅၀၅၉၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က–ပ)**

ဝေဒပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ အမှတ် ၁၇၁၊ ၂၈လမ်း (အထက်)၊ ရန်ကုန်မြို့ ဖုန်း–၀၁–၃၇၇၉၈၃၊ Email; mastrorb. myanmar. com.mm က ထုတ်ဝေသော မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ မင်္ဂလာအခါပေး ဗေဒင်ပြက္ခဒိန်ကို ဆန်းစတား ပိုစတာပြက္ခဒိန် ဖြန့်ချိရေး အမှတ် ၁၅၁၊ ရုံ(၂)၊ ဗိုလ်ချုပ်ဈေးသစ်၊ ရန်ကုန်မြို့ ဖုန်း–၀၁–၃၇၉၄၇၅–၅၂၃၊ အမှတ် ၁၁၅၊ ၂၉လမ်း၊ ၈၀ x ၈၁ လမ်းကြား၊ မန္တလေးမြို့ ဖုန်း–၀၂–၃၁၀၅၅၊ ပထမထပ် Aရုံနှင့် Bရုံကြား၊ ဈေးချို မန္တလေးမြို့ဖုန်း–၀၂–၆၀၉၆၆–၅၀၄၂က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(က–ပ)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်
မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကိုမြတ်နိုးသူများ တက်ရောက်ကြည့်ရှုအားပေး

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရန်ကုန် အောက်တိုဘာ ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူနိုင်ငံသား ပြည်သူများ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ မျိုးချစ်စိတ်ဓာတ် ကိုယ်ခံစွမ်းအား တောင့်တင်းခိုင်မာစေရေး ဦးတည်ပြီး ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နဝမနေ့ပြိုင်ပွဲအစီအစဉ်များကို ရန်ကုန်မြို့ရှိ သတ်မှတ်နေရာ အသီးသီး၌ ယနေ့ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရာသို့ ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်နှင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်များဖြစ်ကြသော သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့်ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူးဗိုလ်မှူးကြီး တင့်ဆန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကိုလေးစားချစ်ခင်မြတ်နိုးကြသည့်ပြည်သူများ၊ ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော ကမ္ဘာလှည့်ခရီးသည်များ တက်ရောက်ကြည့်ရှုနားသောတဆင် အားပေးကြသည်။

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၏ နဝမနေ့ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ဆက်လက်ကျင်းပရာ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး လက်ထောက်အင်ဂျင်နီယာ ဒေါ်မေပြုံးခိုင်နှင့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် အနုပညာရှင်များက ပြိုင်ပွဲကိုကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

အောက်တိုဘာ ၂၂ ရက်က စန္ဒရားတီးပြိုင်ပွဲ ဝါသနာရှင်(ကျား) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှမောင်ဖြိုးဝေအောင်ယှဉ်ပြိုင်စဉ်။ (က-ပ)

အဆိုပြိုင်ပွဲ

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုးသမီး)ခေတ်ဟောင်းကာလပေါ်တေး အဆိုပြိုင်ပွဲကို ကျင်းပရာ ရွှေပြည်အေး ရေးစပ်သီကုံးပြီး တေးသံရှင်တင်တင်မူ သီဆိုသည့် 'ရွှေလည်တိုင်'သီချင်းဖြင့် မန္တလေးတိုင်းမှ ဒေါ်ဆွေဆွေအောင် (ခ)ဒေါ်ဌေးဌေးကြည်နှင့် ဒေါ်ဝါဝါရွှေ၊ မွန်ပြည်နယ်မှ ဒေါ်တင်တင်ထွင့်၊ ဧရာဝတီတိုင်းမှ ဒေါ်အေးအေးသန့်၊ တနင်္သာရီတိုင်းမှ ဒေါ်သပြေ(ခ)ဒေါ်သိန်းညွှန့်၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မြင့်မြင့်အေးနှင့် ဒေါ်ခင်လှနွယ်၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ ရခိုင်ပြည်နယ်မှ ဒေါ်ခိုင်ဇင်ရွှေ၊ ကရင်ပြည်နယ်မှ ဒေါ်သင်းသင်းနွယ်၊ ကယားပြည်နယ်မှ ဒေါ်ချိုချိုပြုံး၊ ကချင်ပြည်နယ်မှ ဒေါ်မေပုလဲ၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်နှင့် မကွေးတိုင်းမှ ဒေါ်မြင့်မြင့်သန်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်၁၁နာရီခွဲတွင် ပြိုင်ပွဲကိုခေတ္တရပ်နားသည်။

အဆိုပြိုင်ပွဲကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာအခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဓမ္မပူဇာတေးအဆိုပြိုင်ပွဲ၌ တေးသံရှင် သိန်းဟံလေးသီဆိုခဲ့သည့် 'အာစရိယဆရာ'သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ထက်အောင်လင်း(ခ) ဇင်မောင်မောင်နှင့် မောင်ဟိန်းတူးဇော်၊ ရှမ်းပြည်နယ်မှ မောင်ထွန်းမင်းဦး၊ ရခိုင်ပြည်နယ်မှ မောင်ကြီးဖြူ၊ တနင်္သာရီတိုင်းမှ မောင်ချစ်ကိုဦး၊ စစ်ကိုင်းတိုင်းမှ မောင်ဝေဖြိုးအောင်၊ မန္တလေးတိုင်းမှ မောင်မိုးဝင်းနှင့် မောင်စွမ်းပြည့်အောင်၊ ကရင်ပြည်နယ်မှ စောဝင်းကိုနိုင်၊ မကွေးတိုင်းမှ မောင်လှိုင်ချိုမြင့်၊ ကချင်ပြည်နယ်မှ မောင်သီဟကျော်၊ မွန်ပြည်နယ်မှ မင်းတင့်ဆန်း၊ ကယားပြည်နယ်မှ စောကျော့စ်လင်း၊ ပဲခူးတိုင်းမှ မောင်သီဟလင်း၊ ဧရာဝတီတိုင်းမှ မောင်ဝေဖြိုးကျော်နှင့် ချင်းပြည်နယ်မှ မောင်ထက်ဝေဖြိုးတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး အဆိုပြိုင်ပွဲ၏ နဝမနေ့ပြိုင်ပွဲ အစီအစဉ်များကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်သည်။

အရေးပြိုင်ပွဲ

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အရေးပြိုင်ပွဲဝင်များ၏ သီချင်းများ ယှဉ်ပြိုင်ခြင်းကို ကမ္ဘာအေးစေတီလမ်းရှိ အနုပညာဦးစီးဌာန ကမ္ဘောဇဓာတ်ရုံ၌ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အရေးပြိုင်ပွဲ၌ 'မိဘဆရာရှိသေပါ'သီချင်းခေါင်းစဉ်ဖြင့် ရေးစပ်သီကုံးယှဉ်ပြိုင်ခဲ့ကြသော မကွေးတိုင်းမှ မမေသိမ့်ကျော်၊ မွန်ပြည်နယ် မသုဇင်ဇင်အောင်၊ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်၊ မန္တလေးတိုင်းမှ မနန္ဒာထက်ထက်အောင်၊ ရန်ကုန်တိုင်းမှ မအေးမြတ်သူ၊ ကယားပြည်နယ်မှ မထက်ထက်စိုး၊ ဧရာဝတီတိုင်းမှ မဆုသက်သဇင်၊ ပဲခူးတိုင်းမှ မသင်းမြတ်မြတ်စိုးနှင့် မန္တလေးတိုင်းမှ မောင်ထွန်းရာဇာဦးတို့၏ သီချင်းစာသားများကို အနုပညာရှင်များနှင့် တွဲဖက်၍ တီးမှုတ်သီဆိုပြိုင်ပွဲဝင်ကြသည်။

အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲ၌ 'ပညာရဲရင့်ပွဲလယ်တင့်' သီချင်းခေါင်းစဉ်ဖြင့် ရေးစပ်သီကုံးယှဉ်ပြိုင်ခဲ့ကြသော ဧရာဝတီတိုင်းမှ မောင်လင်းထွင့်၊ မွန်ပြည်နယ်မှ မအေးမင်းစိုး၊ ရခိုင်ပြည်နယ်မှ မခင်မိမိမိုး၊ မန္တလေးတိုင်းမှ ဝါဆိုချမ်းမြေ့၊ စစ်ကိုင်းတိုင်းမှ မခင်ချစ်စုမာ၊ ပဲခူးတိုင်းမှ မောင်စည်သူအောင်၊ ရန်ကုန်တိုင်းမှ မမူမူဆွေ၊ တနင်္သာရီတိုင်းမှ မောင်ဇော်ထွန်းသောင်း၊ မန္တလေးတိုင်းမှ မောင်ဇော်မင်းဦးနှင့် ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ထွန်းတို့၏ သီချင်းစာသားများကိုအနုပညာရှင်များနှင့်တွဲဖက်၍ တီးမှုတ်သီဆိုပြိုင်ပွဲဝင်ကြသည်။

အရေးပြိုင်ပွဲဝင်သီချင်းများကို အနုပညာရှင်များနှင့် တွဲဖက်၍ ယှဉ်ပြိုင်ခြင်းကို အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေးဦးတင့်အောင်နှင့်အဖွဲ့က ကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

စန္ဒရားအတီးပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

စန္ဒရားအတီးပြိုင်ပွဲတွင် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင် စန္ဒရားအတီး အကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် စန္ဒရားဦးချစ်ဆွေနှင့် အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာ အသက်(၁၀-၁၅)နှစ် အမျိုးသား စန္ဒရားတီးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဝါသနာရှင်အဆင့်(အမျိုးသား) စန္ဒရားအတီးပြိုင်ပွဲကို စတင်ကျင်းပရာ ဦးစိန်ကတုံး သီဆိုခဲ့သည့် 'ညီတော်မင်းနန်း' ခေတ်ဟောင်းကာလပေါ် သီချင်းဖြင့် ကရင်ပြည်နယ်မှ မောင်စိုးပိုင်၊ ရခိုင်ပြည်နယ်မှ မောင်ချမ်းသာ၊ ရန်ကုန်တိုင်းမှ မောင်အောင်ဗိုလ်ဗိုလ်၊ မကွေးတိုင်းမှ ဦးဝင်းနိုင်၊ ရန်ကုန်တိုင်းမှ မောင်ပဇော်ဟိန်း၊ ဧရာဝတီတိုင်းမှ ဦးဖြိုးဝေအောင်၊ ပဲခူးတိုင်းမှ ဦးစိန်တင်အောင်၊ ကယားပြည်နယ်မှ ဦးရဲနိုင်၊ ရှမ်းပြည်နယ်မှ မောင်ဇေယျာထွန်း၊ မန္တလေးတိုင်းမှ ဦးစိုးရွှေဝါနှင့် မန္တလေးတိုင်းမှ ဦးကျော်စွာလင်းတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲတွင် ဦးစိန်ကတုံး သီဆိုခဲ့သည့် 'ညီတော်မင်းနန်း' ခေတ်ဟောင်းကာလပေါ် သီချင်းဖြင့် ဧရာဝတီတိုင်းမှ မနှင်းအိဖြူနှင့် ရန်ကုန်တိုင်းမှ မသန်းသန်းလွင်တို့ ပြိုင်ပွဲဝင်ကြသည်။

ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမျိုးသားပြတိုက်၌ ကျင်းပသော အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသား) ဓမ္မပူဇာတေး အဆိုပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသား) စန္ဒရား အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ 'တောနှင့်တောင်စွယ်' ယိုးဒယားသီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဇေယျာမင်း၊ ဧရာဝတီတိုင်းမှ မောင်ဝင်းထွင့်၊ မန္တလေးတိုင်းမှ မောင်မျိုးဇော်ဦး၊ ပဲခူးတိုင်းမှမောင်စိုးသိန်း၊ မန္တလေးတိုင်းမှ မောင်ယုမောင်၊ ရခိုင်ပြည်နယ်မှ မောင်အေးမင်းသွင်၊ ကယားပြည်နယ်မှ မောင်သိန်းဆွေဝင်း(ခ)သက်ဝေနှင့် ရန်ကုန်တိုင်းမှ မောင်ခွန်ဇာနည်တင်ကြွယ်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး) စန္ဒရား အတီးပြိုင်ပွဲတွင် ကိုမြကြီး သီဆိုသည့် 'မိုး' ကာလပေါ်သီချင်းဖြင့် မကွေးတိုင်းမှ မခင်သဇင်ရတနာထွန်း၊ ရန်ကုန်တိုင်းမှ မဖူးဖူးသန့်၊ ရန်ကုန်တိုင်းမှ မအိမ့်သရသူနှင့် ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းတို့ ပြိုင်ပွဲဝင်ကြသည်။

ဆိုင်းအတီးပြိုင်

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်း(အဖွဲ့လိုက်)အတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ပဒုမ္မာဇာတ်ရုံ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

မောင်စူးစမ်း၊မင်းရွှေမောင်၊ အောင်သင်း၊ မောင်ဈေးကွက် စသော ပင်တိုင်ကလောင်များ၏ ရှုထောင့်စုံ ဆောင်းပါးများ၊ နိုင်ငံတစ်နံတစ်လျားမှ သတင်းများဖြင့် အမှတ် ၁၃၁၊ ၂၈လမ်း (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၇၁၈၃ က ဖြန့်ချိသည့် ဈေးကွက်ဂျာနယ် အမှတ် (၃၄၁)မျက်နှာဖုံး။ (က-ပ)

ကောဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ ➥		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ကမ္ဘောဇဓာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အတီး/ဇာတ်သဘင်	အရေး	အတီး
၁၀	၂၃-၁၀-၂၀၀၃ **(ကြာသပတေးနေ့)**	**ဓမ္မပူဇာတေး(နံနက်)** (၁) အဆင့်မြင့်(ကျား) **ခေတ်ဟောင်း/ကာလပေါ် (နေ့လယ်)** (၂) အခြေခံ (၁၅-၂၀)(မ)	**စန္ဒရား** (၁) ပညာရှင် (ကျား-မ)**(နံနက်)** (၂) အခြေခံ (၁၀-၁၅)(မ) **(နေ့လယ်)** **ရုပ်သေးဇာတ်တော်ကြီး(ညပိုင်း)** ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံသဘင်အဖွဲ့	**အရေးသီချင်းပြိုင်ပွဲ (ကမ္ဘောဇဓာတ်ရုံ)** (၁) အခြေခံ(၁၅-၂၀)	**စောင်း** (၁) အဆင့်မြင့်(ကျား-မ) **(နံနက်)** (၂) အခြေခံ (၁၅-၂၀) (ကျား) **(နေ့လယ်)** (၃) အခြေခံ (၁၀-၁၅) (မ) **(နေ့လယ်)**

(ဆက်လက်ဖော်ပြပါမည်။)

အကြမ်းဖက်မှုနှိမ်နင်းရေး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ညှိနှိုင်းဆောင်ရွက်သင့် မြန်မာနိုင်ငံက အကြမ်းဖက်မှုနှိမ်နင်းရာတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အကြမ်းဖက်မှုနှိမ်နင်းရန်ကြိုးပမ်းရာ၌ အကြောင်းရင်းများကိုဖော်ထုတ်ရမည်

ကုလသမဂ္ဂအထွေထွေညီလာခံ ဆဋ္ဌမကော်မတီ ဒုတိယဥက္ကဋ္ဌ အယ်လ်လီယူအီကာနူး(ဆီရာလီယွန်)

အကြမ်းဖက်မှုကိုနှိမ်နင်းရန် အောင်မြင်သော ကြိုးပမ်းမှုတစ်ရပ်၌ အကြမ်းဖက်မှုဖြစ်စေသည့် အကြောင်းရင်းဇာစ်မြစ်များ ဖော်ထုတ်ခြင်းနှင့် ထိုအကြောင်းရင်းများကိုဖြေရှင်းရန်အတွက် ညီညွတ်သော ကြိုးပမ်းအားထုတ်မှုတစ်ရပ်ကိုထည့်သွင်းရမည်ဖြစ်ကြောင်း အထွေထွေညီလာခံ ဆဋ္ဌမကော်မတီ ဒုတိယဥက္ကဋ္ဌ အယ်လ်လီယူအီကာနူးက ပြောဆိုသည်။

လုံခြုံရေးကောင်စီ၏ အကြမ်းဖက်မှုဆန့်ကျင်ရေးဆုံးဖြတ်ချက် အမှတ် ၁၃၇၃ ကို တုံ့ပြန်ရာတွင် ဆီရာလီယွန်အစိုးရ၏ ဆောင်ရွက်မှုလုပ်ငန်းများကို ၎င်းက တင်ပြသည်။ ဆီရာလီယွန်သည် နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုနှင့်ဆိုင်သော အဓိကသဘောတူချက်များအားလုံးကို လက်မှတ်ရေးထိုး အတည်ပြုပြီး သဘောတူလက်ခံခဲ့သည်။

အကြမ်းဖက်မှုကိုနှိမ်နင်းရန် နိုင်ငံတကာဆိုင်ရာအသိုင်းအဝိုင်းက လုပ်ငန်းများအားလုံးကို ဆောင်ရွက်ပြီးစီးလင့်ကစား နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုနှင့်ဆိုင်သည့် ပြည့်စုံသော သဘောတူချက်မူကြမ်းနှင့် နျူကလီးယားအကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ဆောင်ချက်ဆိုင်ရာ နိုင်ငံတကာ သဘောတူချက်မူကြမ်းကို အက်ဒ်ဟော့ကော်မတီက အပြီးမသတ်မီ ထိုအကြမ်းဖက်မှု ဆန့်ကျင်ရေး သဘောတူချက်နှစ်ခုကို အရေးတကြီးလုပ်ဆောင်ရန် လိုအပ်သည်ဟု ဆီရာလီယွန်က ယုံကြည်သည်။ **(အင်တာနက်)**

ကုလသမဂ္ဂ အောက်တိုဘာ ၁၇

အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ (၅၈)ကြိမ်မြောက်အစည်းအဝေး ဆဋ္ဌမကော်မတီ၏ ခုနစ်ကြိမ်နှင့် ရှစ်ကြိမ်မြောက်အစည်းအဝေး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင် ပြောကြားသော မိန့်ခွန်းမှ **ကောက်နုတ်ဖော်ပြပါသည်။**

အကြမ်းဖက်မှုနှိမ်နင်းသွားရန် မြန်မာနိုင်ငံက အာမခံ အကြမ်းဖက်မှုနှိမ်နင်းရေး နိုင်ငံတကာကွန်ဗင်းရှင်းကိုလက်ခံ

အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေးအထောက်အကူ အများအပြားရှိနေလင့်ကစား အကြမ်းဖက်မှု တိုက်ဖျက်နှိမ်နင်းရေးအတွက် ပြီးပြည့်စုံသော နိုင်ငံတကာဆိုင်ရာ သဘောတူချက်တစ်ရပ်သည် အမှန်တကယ်လိုအပ်ကြောင်း၊ **ဆိုးရွားပြင်းထန်သောဆင်းရဲနွမ်းပါးမှုနှင့် ဝိုင်းပယ်ခံရသောအခြေအနေများက အကြမ်းဖက်မှုများအတွက် အခြေခံအကြောင်းအချက်ကိုဖြစ်စေကြောင်း၊ ထိုဆက်စပ်မှုကို မမေ့သင့်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းသည် အကြမ်းဖက်မှုကို နှိမ်နင်းရန် လက်တွဲကြရမည်ဖြစ်ကြောင်း** ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်က ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံသည် အကြမ်းဖက်မှုဆန့်ကျင်နှိမ်နင်းရေး သဘောတူချက်များ၊ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှု နှိမ်နင်းရေး၊ ၁၉၉၇ ခုနှစ် နိုင်ငံတကာဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးပံ့ပိုးခြင်းအား နှိမ်နင်းရေး၊ ၁၉၉၉ ခုနှစ် နိုင်ငံတကာဆိုင်ရာ ကွန်ဗင်းရှင်းကို သဘောတူလက်ခံခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အကြမ်းဖက်မှုနှိမ်နင်းရာတွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သံအမတ်ကြီးက ပြောကြားသည်။

သံအမတ်ကြီးသည် ဘရုပ်ဆယ်လ်၌ မကြာသေးမီက ကျင်းပခဲ့သော ဝန်ကြီးအဆင့်အစည်းအဝေးအပြီး၌ အာဆီယံနှင့် ဥရောပသမဂ္ဂတို့ ပူးတွဲထုတ်ပြန်ခဲ့သည့် အကြမ်းဖက်မှု နှိမ်နင်းရေးကြေညာချက်ကို ရည်ညွှန်းခဲ့ပြီး ကျန်နိုင်ငံတကာဆိုင်ရာ အသိုင်းအဝိုင်းနှင့်အတူ ပူးပေါင်းပြီး အကြမ်းဖက်မှုကို မြန်မာနိုင်ငံက နှိမ်နင်းသွားရန် အာမခံကြောင်း သံအမတ်ကြီးက ထပ်လောင်းပြောဆိုသည်။ **(အင်တာနက်)**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ နိုင်ငံတကာမှ ပြောကြားချက်များ

အကြမ်းဖက်မှုကိုဖြေရှင်းရန် နိုင်ငံအားလုံး ညှိနှိုင်းဆောင်ရွက်

ကိုရီးယားသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် ဟန်မြောင်ကျေ

မိမိနိုင်ငံသည် အကြမ်းဖက်မှုလုပ်ရပ်များအားလုံးကို မည်သည့်နေရာ၌ မဆို ဖြစ်ပွားသည်ဖြစ်စေ၊ မည်သူ ကျူးလွန်သည်ဖြစ်စေ တရားမျှတမှုမရှိသည့် လုပ်ရပ်များအဖြစ် ပြစ်တင်ရှုတ်ချသည်။

အကြမ်းဖက် ခြိမ်းခြောက်သည့်အနေအထားကို ရင်ဆိုင်ဖြေရှင်းရန်အတွက် နိုင်ငံများအားလုံးက ညှိနှိုင်းဆောင်ရွက်မှု စိတ်ဓာတ်နှင့် နိုင်ငံရေးဆန္ဒရှိကြရန် တိုက်တွန်းကြောင်း၊ နိုင်ငံများအားလုံးသည် နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှု ဆန့်ကျင်ရေး အထောက်အကူများအဖွဲ့ဝင် ဖြစ်ရမည်ဖြစ်ကြောင်း၊ **အကြမ်းဖက်မှုကို ဆန့်ကျင်နှိမ်နင်းရာတွင် နိုင်ငံတကာဆိုင်ရာ ပူးပေါင်းမှုလိုအပ်ကြောင်း** ကိုရီးယားသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် ဟန်မြောင်ကျေက ပြောဆိုသည်။ **(အင်တာနက်)**

အကြမ်းဖက်မှုကိုဖြစ်စေသော အကြောင်းရင်းများကို အာရုံစိုက် ပဋိပက္ခများအဆုံးသတ်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ကုလသမဂ္ဂဆိုင်ရာ တောင်အာဖရိကကိုယ်စားလှယ် အဲလ်ဘတ်ဟော့မင်း

အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် အကြမ်းဖက်မှုဖြစ်စေသည့် အကြောင်းရင်းများကို စူးစိုက်ဖို့အရေးကြီးကြောင်းနှင့် ထိုအကြောင်းရင်းများကို ဖြေရှင်းရန် မဟာဗျူဟာများ တိုးတက်ဖို့ကို စူးစိုက်ရန်အရေးကြီးကြောင်း၊ အရှေ့အလယ်ပိုင်း ပဋိပက္ခကဲ့သို့ နှစ်လုံးပေါက်ဖြစ်နေသော ပဋိပက္ခများ အဆုံးသတ်စေရန် ညီညွတ်စွာ ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုကိုဆန့်ကျင်ရန် နိုင်ငံတကာဆိုင်ရာ စည်းရုံးလှုံ့ဆော်မှုတွင် ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးမှု နိမ့်ကျခြင်းတို့ကို ဖယ်ရှားပစ်ရန်အတွက် ကမ္ဘာတစ်ဝန်း ပူးတွဲအာမခံချက်ကို ထည့်သွင်းသင့်ကြောင်း တောင်အာဖရိကနိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ် အဲလ်ဘတ်ဟော့ဖမင်းက ပြောကြားသည်။

နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှုနှင့်ပတ်သက်သော ပြည့်စုံသည့် သဘောတူချက်မူကြမ်းနှင့် နျူကလီးယားအကြမ်းဖက်မှုနှိမ်နင်းရေး ဆောင်ရွက်ချက်များအတွက် သဘောတူချက် မူကြမ်းနှစ်မျိုးစလုံးနှင့် ဆက်နွှယ်သည့် ထူးခြားသောကိစ္စရပ်များကို ဖြေရှင်းရန်လိုအပ်သည်။

(အင်တာနက်)

ကုလသမဂ္ဂသည် အဓိကဖိုရမ်

မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်ညွှန်ကြားရေးမှူး ဂျာရယ်လ်ဒိုဆာရန်ဂါ

အကြမ်းဖက်မှုသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဆက်လက်ခြိမ်းခြောက်သည့် အနေအထားရှိပြီး ဖွံ့ဖြိုးတိုးတက်မှု၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီကို အကြီးအကျယ် အဟန့်အတားပြုခဲ့ကြောင်း၊ အကြမ်းဖက်မှုကို နှိမ်နင်းခြင်းသည် တစ်ကမ္ဘာလုံး နှိမ်နင်းမှုဖြစ်ရမည် ဖြစ်ကြောင်း၊ နိုင်ငံများအတွင်း၊ ဘာသာရေး သို့မဟုတ် ယဉ်ကျေးမှုများအတွင်း ပဋိပက္ခမှုတစ်ခုအဖြစ် အကြမ်းဖက်မှုနှိမ်နင်းခြင်းကို မည်သည့်အခါမျှ နားမလည်စေသင့်ကြောင်း၊ အကြမ်းဖက်မှုကို နှိမ်နင်းရန် မိုဇမ်ဘစ်နိုင်ငံက အပြည့်အဝ တာဝန်ခံကြောင်း၊ **ပြဿနာကိုဖြေရှင်းရန်မှာ ကုလသမဂ္ဂသည် အသင့်လျော်ဆုံးနှင့် အကျိုးထိရောက်သော ဖိုရမ်ဖြစ်သည်**ဟု မိုဇမ်ဘစ်နိုင်ငံက ယုံကြည်ကြောင်း မစ္စတာ ဂျာရယ်လ်ဒိုဆာရန်ဂါက ပြောဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာ၌ အကြမ်းဖက်မှုသည် အောင်ပွဲခံမည် မဟုတ်

ကုလဆိုင်ရာ မော်ရိုကို အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် ကရင်မ်မီဒရက်ခ်

မကြာသေးမီက ပေါ်ပေါက်ခဲ့သော ဖြစ်ရပ်များက နိုင်ငံတကာဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အကြမ်းဖက်နည်းဖြင့် ခြိမ်းခြောက်သည့် အနေအထားသည် ခါတိုင်းနှင့် မတူဘဲ ပိုကဲခဲ့သည်ကို မီးမောင်းထိုးပြခဲ့ကြောင်း၊ မော်ရိုကိုနိုင်ငံကိုယ်တိုင် မေ ၁၆ ရက်၌ အကြမ်းဖက်ခံခဲ့ရကြောင်း၊ ယင်းရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို မော်ရိုကိုနိုင်ငံသည် ပူးပေါင်းပြစ်တင် ရှုတ်ချခဲ့ပြီး ဒီမိုကရေစီအဖွဲ့အစည်း ထူထောင်မည့် မော်ရိုကိုနိုင်ငံ၏ ဆုံးဖြတ်ချက်သည် မယိမ်းမယိုင်ကြောင်း၊ **အကြမ်းဖက်မှုသည် အောင်ပွဲခံမည်မဟုတ်**ဘဲ မော်ရိုကိုနိုင်ငံက နိုင်ငံတကာဆိုင်ရာ တာဝန်ဝတ္တရားကို သစ္စာရှိမြဲဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မော်ရိုကို အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင် ကရင်မ်မီဒရက်ခ်က ပြောဆိုသည်။ **(အင်တာနက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေး တစ်ကမ္ဘာလုံးဆောင်ရွက်ရန်လိုအပ်

ကုလသမဂ္ဂဆိုင်ရာ မလေးရှားကိုယ်စားလှယ် လီအောတီယွန်

အကြမ်းဖက်မှုကို တိုက်ဖျက်ရန် တစ်နိုင်ငံချင်းကြိုးပမ်းမှုများကို ကြိုဆိုကြောင်း၊ သို့ရာတွင် **နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်သည့် အတိုင်းအတာပမာဏသည် ထိုကဲ့သို့သော ကြိုးပမ်းမှုများကို ဒေသဆိုင်ရာနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ဆောင်ရွက်မှုလုပ်ဆောင်ရန် လိုအပ်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးက မှန်ကန်စွာတုံ့ပြန်နိုင်ရန်အတွက် ကုလသမဂ္ဂသည် အခြေခံစနစ်ကို ပေးနိုင်ကြောင်း** မလေးရှားကိုယ်စားလှယ် လီအောတီယွန်က ပြောဆိုသည်။

ဒေသဆိုင်ရာအဆင့်နှင့် နိုင်ငံလုံးဆိုင်ရာအဆင့်၌ မလေးရှားနိုင်ငံက ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများကို ၎င်းက ဖော်ပြပြီး အကြမ်းဖက်မှု အဓိပ္ပာယ်ကို အသေးစိတ်ရှင်းလင်းစွာ နားလည်သဘောပေါက်ရန် အရေးကြီးကြောင်း ပြောဆိုသည်။

တိကျရှင်းလင်းပြီး အများနားလည်သော အဓိပ္ပာယ်ဖော်ဆိုချက်မရှိဘဲ နိုင်ငံလုံခြုံရေး သို့မဟုတ် လွတ်မြောက်ရေးတွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများသည် ၎င်းတို့၏လုပ်ဆောင်ချက်များကို တရားမျှတမှုရှိသည်ဟု ယူဆနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

တိုင်းတစ်ပါး၏ကျူးကျော်မှုဒဏ် ခံနေရသောအီရတ်ပြည်သူများ

အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးရလျက် အနာဂတ်အတွက် မျှော်လင့်ချက်မဲ့နေ



စစ်ပြီးကာလအီရတ်နိုင်ငံ၌ ဆေးဝါးမပြည့်စုံမှုနှင့် လုယက်မှုများကြောင့် အီရတ်ကလေးငယ်များမှာ ကျန်းမာရေးထိခိုက်မှုများ ခံစားနေရသည်။

ပုံမှာ အီရတ်အမျိုးသမီးအင်တီဇာမာဆွတ်၏ သေလုမျောပါးဖြစ်နေသော ကိုယ်အလေးချိန်မပြည့်သည့် နှစ်နှစ်အရွယ် သားငယ်အား ကလေးဆေးရုံ၌ဆေးကုသပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၁၄ရက်မှ ဩဂုတ် ၃၁ ရက်အထိဘဂ္ဂဒက်၌ မတည်ငြိမ်မှုကြောင့် သေဆုံးသည့် အရပ်သား အရေအတွက်မှာ ၂၈၄၆ ဦးဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်အရ သိရသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆာဖာရာနီ ဆင်ခြေဖုံးရပ်ကွက်၌ အမေရိကန်တို့ထိန်းသိမ်းထားသည့် လက်နက်တိုက်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အနည်းဆုံး အီရတ်ရှစ်ဦးသေဆုံးသွားရာ ဝမ်းနည်းပူဆွေးနေသော အီရတ်မိသားစုဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုဖြစ်သည့် အယ်ဖာဟာမက်ရှိ ခြေတုလက်တုတပ်ဆင်ရေးဆေးရုံ၌ အီရတ်တစ်ဦးအား ခြေတုအသစ် တပ်ဆင်ပေးထားသည်ကို တွေ့ရစဉ်။

စစ်ပွဲကာလက အဆိုပါ ခြေတုလက်တုတပ်ဆင်ရေးဆေးရုံလည်း လုယက်မှုခံခဲ့ရသည်။ ယခုအခါ အီရတ်အများအပြားမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ စွန့်လွှတ်ခဲ့ရပြီး ခြေတုလက်တုများ တပ်ဆင်နိုင်ရေးအတွက် စောင့်ဆိုင်းနေကြရသည်။ (ဓာတ်ပုံ-အင်တာနက်)

အောက်တိုဘာ ၁၇ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် မိုင် ၇၀အကွာရှိ ကာဘာလာမြို့၌ ပစ်ခတ်မှုဖြစ်ပွားစဉ် ဘေးလွတ်ရာသို့ ထွက်ပြေးနေသည့် အီရတ်များကို တွေ့ရစဉ်။ (အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရိုးယားတို့အကြား ပစ်ခတ်မှုဖြစ်ပြီး အမေရိကန်သုံးဦးနှင့် အီရတ် ၁၀ဦးသေဆုံးခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ အမေရိကန်တပ်များ စစ်အင်အားလွန်လွန်ကဲကဲသုံးစွဲခဲ့

နယူးယောက် အောက်တိုဘာ ၂၁

အမေရိကန်စစ်တပ်သည် အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်တွင် ဒဏ်မခတ်ရုံတစ်မည် စစ်ရေးအရ ဆောင်ရွက်ခဲ့ကြောင်းနှင့်တပ်ဖွဲ့အင်အားကို လွန်လွန်ကဲကဲ သို့မဟုတ် ချင့်ချိန်နိုင်းဆခြင်းမရှိဘဲ သုံးစွဲခဲ့ကြောင်းဖြင့် နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြပ်အဖွဲ့က ယင်း၏အစီရင်ခံစာအသစ်၌ စွပ်စွဲလိုက်သည်။

မေ ၁ရက်၌ စစ်ပွဲကြီးပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင်များလက်ချက်ဖြင့် ဘဂ္ဂဒက်၌အရပ်သား ၂၀သေဆုံးခဲ့ရသည်ကို အတည်ပြုကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အင်အားကို မတရားသုံးစွဲခဲ့သည်ဆိုသော စွပ်စွဲချက်ကြောင့် အမေရိကန်ခန့်အပ်သော အီရတ်အုပ်ချုပ်မှု ကောင်စီနှင့် အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်ရေးပူးပေါင်းတပ်များတင်းမာမှုဖြစ်ခဲ့ရသည့် အရင်းအမြစ်ဖြစ်ခဲ့သည်။

အမေရိကန်တပ်များကြောင့် ဘဂ္ဂဒက်၌ စစ်ပြီးကာလ ထိခိုက်သေဆုံးသော အရပ်သားများနှင့်ဆိုင်သည့်စာမျက်နှာ ၅၀ပါအစီရင်ခံစာ၌ မေ ၁ ရက်နှင့် စက်တင်ဘာ ၃၀ ရက်အကြားတွင် ဘဂ္ဂဒက်၌ အရပ်သား ၂၀သေဆုံးခဲ့ကြောင်း ရေးသားဖော်ပြထားသည်။ ဘဂ္ဂဒက်တွင် အရပ်သားအများအပြားကို အမေရိကန်တပ်ဖွဲ့ဝင်များက သတ်ဖြတ်ခြင်းသည် အဖြစ်ဆိုးတစ်ရပ်ပင်ဖြစ်သည်ဟု လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဌာန ယာယီအမှုဆောင်ညွှန်ကြားရေးမှူးက ပြောသည်။

လက်နှစ်ဖက်စလုံး ဆုံးရှုံးခဲ့ရသောအလီ

ဘဂ္ဂဒက်မြို့တွင် အမေရိကန် တပ်များက ဒုံးကျည်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ရာ၌ မိသားစုဝင် ၁၆ဦး သေဆုံးခဲ့ရပြီး လက်နှစ်ဖက်စလုံး ဆုံးရှုံးကာ တစ်ကိုယ်လုံးဆိုးဆိုးရွားရွား မီးလောင်ခြင်းခံခဲ့ရသော အီရတ်ယောကျ်ားလေးအလီအစ္စမေးအက်ဘာ့စ်သည် ကျူးကျော်စစ်ဒဏ်ကိုခံရသော အီရတ်ပြည်သူများ၏ ပြယုဂ်ဖြစ်သည်။

အီရတ်နိုင်ငံအနှံ့အပြားတွင် လက်နက်ခဲယမ်းများဖြင့် ပြည့်နှက်လျက်ရှိပြီး နေ့စဉ်နောက်ထပ်လက်နက်ခဲယမ်းများကို ရှာဖွေတွေ့ရလျက်ရှိသည်။ ထိုအန္တရာယ်ရှိသော လက်နက်ခဲယမ်းများကို ရှင်းလင်းဖျက်ဆီးပစ်ရန် သို့မဟုတ် လုံခြုံမှုရှိအောင်လုပ်ရန်မှာ နှစ်များစွာကြာမည်ဖြစ်သည်ဟု အမေရိကန်အဆင့်မြင့် အရာရှိတစ်ဦးက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

မိမိတို့ကနဦး ခန့်မှန်းထားသည့် တန် ၆၀၀၀၀၀သည် နည်းနေသည်ဟုပင်ထင်ရကြောင်း ဗိုလ်မှူးချုပ်လာရီဒေးဗစ်က သတင်းစာရှင်းပွဲ၌ ပြောဆိုသည်။ **(အင်တာနက်)**

အောက်တိုဘာ ၁၆ ရက်က တီကရစ်မြို့၌ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသည့် အီရတ် မိန်းကလေးတစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အောင်ပွဲခံ

အောက်တိုဘာ ၂၀ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အီရတ်တို့ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားသဖြင့် ဆက်ဒမ်ဟူစိန်ရုပ်ပုံကို ကိုင်ဆောင်ကာ အောင်ပွဲခံ နေသော အီရတ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ကင်းလှည့်စဉ် ချုံခိုတိုက်ခိုက်ခံရ

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ



ဖော်လူဂျာ အောက်တိုဘာ ၂၀

ဘဂ္ဂဒက်မြို့မြောက်ဘက်၌ဖြစ်ပွားသည့် ချုံခိုတိုက်ခိုက်မှုတစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖော်လူဂျာမြို့တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို အီရတ်တိုက်ခိုက်သူများက တနင်္ဂနွေ နေ့၌ တိုက်ခိုက်မှုကြောင့် ယာဉ်အချို့ အကြီးအကျယ်ပေါက်ကွဲပျက်စီးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

တတိယမြောက် ဖြစ်ပွားသည့် တိုက်ခိုက်မှု၌ တိုက်ခိုက်ရေးသမားများ ဖြစ်ပုံရသော အီရတ်သုံးဦးသေဆုံး ကြောင်း သတင်းရရှိသည်။ ဆွန်နီတြိဂံ ဒေသတွင်ရှိသော ဘဂ္ဂဒက်အနောက် ဘက် ၃၅မိုင်ရှိ ဖော်လူဂျာ၌ အမေ ရိကန် လက်နက်ခဲယမ်းတင် ထရပ် ကားဖြစ်ပုံရသောကားကို တနင်္ဂနွေနေ့ နံနက်ပိုင်းက တိုက်ခိုက်ရာ၌ ထိခိုက် သေဆုံးသည့်သတင်း မရဟုဆိုသည်။

တိုက်ခိုက်ခံရသော အမေရိကန် စစ်ယာဉ်များ ဆက်လက်ပေါက်ကွဲ မီးလောင်နေချိန်တွင် ဒါဇင်များစွာ သော အီရတ်လူငယ်များက ရွှင်မြူး အားရစွာ ကခုန်ခဲ့ကြသည်ဟု သိရသည်။

အီရတ်နိုင်ငံမြောက်ပိုင်းကာကွတ် မြို့ပြင်၌ ဖြစ်ပွားခဲ့သောတိုက်ခိုက် မှုတွင် အမေရိကန် ကင်းလှည့်တပ်ဖွဲ့ တစ်ဖွဲ့ကိုဒုံးပစ်လောင်ချာနှင့် လက်နက် ငယ်များဖြင့် စနေနေ့ည ၁၀နာရီ ၄၅ မိနစ်၌ ပစ်ခတ်တိုက် ခိုက်ခဲ့ကြသည်ဟု ဆိုသည်။အီရတ်ခုခံရေးသမားများသည် မကြာမီ သီတင်းပတ်များအတွင်း အီရတ်ရှိ အမေရိကန်သိမ်းပိုက်တပ် များကို တစ်နေ့လျှင် ပျမ်းမျှ ၂၂ကြိမ် တိုက်ခဲ့ရာ အများစုမှာ ဆွန်နီတြိဂံ ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆွန်နီတြိဂံဒေသသည် ယခုနှစ်အစောပိုင်း၌ အမေရိကန်နှင့် ဗြိတိသျှတို့ ဖြုတ်ချခဲ့သော ဆက်ဒမ်ဟူ စိန်၏ ဘာ့သ်ပါတီအစိုးရအား ထောက်ခံ သူများ၏ အခိုင်အမာစခန်း ဖြစ်ခဲ့ သည်။ **(အင်တာနက်)**

အီရတ်ရောက် အမေရိကန်တပ်များ

တစ်နေ့တည်း(၄၃)ကြိမ် အတိုက်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံတစ်ဝန်း၌ တနင်္လာနေ့တစ်ရက်တည်း၌ တိုက်ပွဲပေါင်း ၄၃ ကြိမ်ဖြစ်ပွားခဲ့ကြောင်း စီဘီအက်စ်သတင်းဌာနမှ သတင်းထောက် ကင်ဘာ လေဒေါ်ဇီယာက အစီရင်ခံသည်။

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပြီးခဲ့သော တနင်္လာနေ့က ခြေလျင် ကင်းလှည့်လာကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို ခုခံရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ကြသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်ကွပ်ကဲရေးဌာန သတင်းကဆိုသည်။

တိုက်ကင်းလှည့်လာကြသော အမေရိကန် အမှတ်(၈၂)လေကြောင်းချီ တပ်မမှ တပ်ဖွဲ့ဝင်များသည် ပထမဦးစွာ လက်လုပ်ဗုံးနှင့် အတိုက်ခံရသည်။ ထို့နောက် တစ်ဆက်တည်းမှာပင် လက်နက်ငယ်များဖြင့် အပစ်ခံခဲ့ကြရသည်။ နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် တိုက်ပွဲဖြစ်ပွားရာဒေသ အနီးရှိဗလီဝတ်ကျောင်းကို ဝင်စီးကြပြီး တိုက်ခိုက်ရေးသမားများကို ရှာဖွေကြကာ အီရတ်သုံးဦးကို ဖမ်းဆီးသွားကြသည်ဟု ဆိုသည်။

အထက်ဖော်ပြပါ တိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့တော်မှ ဖော်လူဂျာမြို့ သို့သွားရာ လမ်းမပေါ်ရှိ အဓိကတံတားကြီး၏ အနီးကိုက် ၂၀ ခန့်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဟမ်ဗီကား ငါးစီးလိုက်ပါလျက် အမေရိကန် တပ်ဖွဲ့ဝင် ၃၀ ခန့်တို့က အဝေးပြေးလမ်းမကြီးတစ်လျှောက် ခြေလျင်ကင်း လှည့်နေကြစဉ် အတိုက်ခံကြရခြင်းဖြစ်သည်။ တနင်္လာနေ့က သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်သည် အီရတ် စစ်ပွဲအတွင်း သေဆုံးသော ၃၃၉ ယောက် မြောက်အမေရိကန်တပ်ဖွဲ့ဝင်ဖြစ်သည်။ မေလ၁ ရက်တွင်သမ္မတဘုရှ်က အီရတ်၌ စစ်ပွဲပြီးစီးကြောင်း ကြေညာချိန်မှစ၍ ဆက်လက်ဖြစ်ပွားသော တိုက်ခိုက်မှုများ အတွင်း အသက်ဆုံးရှုံးရသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၄ဦး ရှိခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ စိတ်ဓာတ်ကျဆင်းနေ

စူးစမ်းလေ့လာချက်တစ်ရပ်၌ ရှာဖွေတွေ့ရှိထား

ဘဂ္ဂဒက် အောက်တိုဘာ ၂၀

လာမည့်နှစ်အစောပိုင်းတွင် နိုင်ငံတကာဆိုင်ရာတပ်များ ရရှိနိုင်မှုအခြေအနေမှာ အလွန်နည်းမည်ဟု မျှော်လင့်ထားရာ အီရတ်၌ တာဝန်ထမ်းဆောင်ရန် အတွက် နောက်ထပ် အမေရိကန်တပ်များကိုစည်းရုံးရန် မိမိတို့ အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာန အရာရှိများက ကြာသပတေး နေ့၌ ပြောကြားသည်။

ထိုအတောအတွင်း အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ စူးစမ်း လေ့လာချက်တစ်ခု၌ အီရတ်ရှိစစ်သုံးပုံတစ်ပုံသည် ၎င်းတို့စိတ်ဓာတ်ကျဆင်းနေ ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပြီး ထက်ဝက်က စစ်တပ်သို့ ပြန်စာရင်းသွင်းရန် မစီစဉ်တော့ကြောင်းပြောဆိုခဲ့ကြသည်ကို လေ့လာတွေ့ရှိခဲ့ရသည်။ ထိုပြဿနာ ကို ပင်တဂွန်ခေါင်းဆောင်များက အနီးကပ်စောင့်ကြည့်နေကြသည်။

ပင်တဂွန်မှ အစီအစဉ်ရေးစွဲသူများသည် ယခုထိတိုင် မည်သည့်တပ်များ ကို ခေါ်ယူမည်ကို မဆုံးဖြတ်ရသေးသည့်အတွက်ကြောင့် နောက်ထပ် အရန် တပ်ဖွဲ့ဝင်များကို အကြောင်းမကြားရသေးဘဲရှိသည်။

ထိုအတောအတွင်း၌ အီရတ်တွင် ရှိနေပြီဖြစ်သော အမေရိကန်တပ်အချို့ ကို အိမ်သို့ပြန်ခေါ်ချိန်တန်ပြီဖြစ်ကြောင်းကို ကွန်ဂရက်အမတ်အချို့က ပြောဆို ကြသည်။

အီရတ်တွင် မည်မျှကြာအောင် နေရမည်ဆိုသော ကန့်သတ်ချက် ထက် ကျော်လွန်နေကြပြီဖြစ်သည့် တပ်ဖွဲ့ဝင်များနှင့် စစ်သမီးများအတွက် အလှည့်ကျအစီအစဉ်ရှိထားရမည်ဟု အထက်လွှတ်တော်အမတ် တရင့်လော့တ်က ဝေဖန်ပြောကြားသည်။ **(အင်တာနက်)**

အောက်တိုဘာ ၂၁ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လက်နက်အင်အားအပြည့်ဖြင့် လုံခြုံရေး စောင့်ကြပ်နေရသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့တွင် လုံခြုံရေး အထူး တင်းကျပ်ထား အနောက်တိုင်းသားများ တည်းခိုရာနေရာ ခြိမ်းခြောက်ခံနေရ

ဘဂ္ဂဒက် အောက်တိုဘာ ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအခြေအနေများ အထူး တင်းကျပ် နေကြောင်း၊ အနောက်နိုင်ငံသားများ တည်းခိုနေထိုင်ရာ ဟိုတယ်များကို တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများကို လက်ခံရရှိ ထားကြောင်း အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များထံမှ သတင်းများ အရ သိရှိရသည်။

တူရကီသံရုံးအနီး လွန်ခဲ့သော အင်္ဂါနေ့က ကားဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အမေရိကန် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များက အခင်းဖြစ်ပွားရာနေရာ၌ ဆက်လက် ပြီး စုံစမ်းစစ်ဆေးလျက်ရှိသည်။

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ ယင်း ဗုံးပေါက်ကွဲ မှုတွင် အသေခံဗုံးခွဲတိုက်ခိုက်သူနှင့် အနီးမှလမ်းသွားလမ်းလာတစ်ဦး သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသွားသူ ရှစ်ဦးရှိရာ သံရုံးဝန်ထမ်း နှစ်ဦးပါဝင်ကြောင်း သိရသည်။ အနောက်နိုင်ငံသားအများအပြား တည်းခိုနေထိုင်ရာ ပါလက်စတိုင်းဟိုတယ်ကိုလည်း လုံခြုံရေး အထူး တင်းကြပ်ထားပြီး မြေပြင်နှင့်ဝေဟင်မှ အမေရိကန်တပ်ဖွဲ့ဝင်များ စောင့်ကြပ်လျက်ရှိသည်။

ထိုအတောအတွင်း အီရတ်နိုင်ငံအရှေ့မြောက်ပိုင်း၌လည်း ယခင် အီရတ်ခေါင်းဆောင်ဆက်ဒမ်ဟူစိန်ကိုထောက်ခံသည့် ကြွေးကြော်သံများ ကြွေးကြော်ကာ ဒေသခံရာပေါင်းများစွာတို့ စုရုံး ဆန္ဒပြခဲ့ကြသည်။
(စီအင်န်အင်န်)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

သာပေါင်း အောက်တိုဘာ ၁၀

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် ဝန်ထမ်းများသည် သာပေါင်းမြို့ သီရိရွှေသာဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ဈေးတာဝန်ခံနှင့် ဈေးသူဈေးသားများ၊ ရပ်ကွက်ပြည်သူများနှင့်အတူ စက်တင်ဘာ ၃၀ရက်က စုပေါင်းဆောင်ရွက်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်လတ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သြဇာမလုပ်တဲ့အာဆီယံကို သပ်လျှိုသွေးခွဲဖို့မကြိုးသင့်

ဒီကနေ့ ကမ္ဘာတွင် ဒီမိုကရေစီထူထောင်ရေး (အရင်းရှင်စနစ်)သို့ ဦးတည်ပြောင်းလဲလာတဲ့ ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းအပါ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေက သူတို့လိုချင်တဲ့ အနောက်ဒီမိုကရေစီကို ပုံတူသွင်းဖို့ ဖိနှိပ်ကြိုးပမ်းလာပါတယ်။ ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲလာတဲ့နိုင်ငံတွေဟာ တစ်စားတည်း တစ်ထပ်တည်း မဟုတ်ဘူးဆိုတာကို လူမှုသိပ္ပံနည်းကျ ခွဲခြားနားလည်နိုင်ဖို့ လိုပါတယ်။ ဒီလူမှုသိပ္ပံတရားကို ဖောက်ဖျက်ကျူးလွန်နေတဲ့ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေဟာ ကမ္ဘာမှာ မမွန်တဲ့ရာယ်ကြီးဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့နိုင်ငံအသီးသီးတို့ဟာ သူ့သမိုင်းကြောင်းနဲ့သူ၊ သူ့လူမှုရုပ်ဘဝနဲ့သူသာဖြစ်ပေါ်တိုးတက်နိုင်လို့ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ကမ္ဘာ့ဂန္ထဝင်အရင်းရှင် ဒီမိုကရေစီတော်လှန်ရေးလမ်းနှစ်သွယ်ကို ထင်ရှားစွာသရုပ်ခွဲဖော်ပြထားပါတယ်။ ဒီအပေါ် ခေတ်နောက်ကျနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများက မိမိတို့လူမှုရုပ်ဘဝနဲ့ ကိုက်ညီမှန်ကန်တဲ့ တော်လှန်ရေးမျိုးကို ရွေးချယ်ဆင်နွှဲသွားဖို့ဖြစ်ပါတယ်။ ဒါတွေကတော့–

(၁) Classical Bourgeois Revolution- အနောက်ဥရောပ ဂန္ထဝင်အရင်းရှင်ဒီမိုကရေစီတော်လှန်ရေးဖြစ်ပါတယ်။ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်စတဲ့ နိုင်ငံတွေက ဆင်နွှဲလာခဲ့ပါတယ်။ ဒီတော်လှန်ရေးကို ပဒေသရာဇ်စနစ်ဝမ်းကြာတိုက်အတွင်း အရင်းရှင် လူတန်းစားနဲ့ အရင်းရှင်စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ကြီးမားသာလွန်နေချိန်၊ အုပ်စိုးသူ ပဒေသရာဇ်လူတန်းစား ညှိုးခြောက်လာချိန်မှာ ဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရင်နဲ့ ပါလီမန်လွှန်ဆွဲပွဲမှာ ပါလီမန်က ကင်းကင်းလွတ်လွတ် အနိုင်ရခဲ့တာဖြစ်ပါတယ်။ အစဉ်အလာအုပ်စိုးသူ လူတန်းစားဟောင်းများကို ဖယ်ရှားပြီး ပြည်သူကိုယ်စားလှယ်ပြု ပါလီမန်စနစ်ကို ကျင့်သုံးလာနိုင်တာဖြစ်ပါတယ်။

(၂) Prasian-Japan Bourgeois Revolution- ပရပ်ရှား၊ ဂျပန် ဂန္ထဝင်အရင်းရှင် ဒီမိုကရေစီတော်လှန်ရေးဖြစ်ပါတယ်။ ဒီတော်လှန်ရေးကို ဂျာမနီတွင် 'ဘစ်စ်မတ်'ဦးဆောင်တဲ့ နိုင်ငံထူထောင်ရေးနဲ့ ဂျပန်တွင် 'မေဂျီခေတ်ပြောင်းတော်လှန်ရေး'တွေမှာ ဆင်နွှဲခဲ့ပါတယ်။ အနောက်ဥရောပ နိုင်ငံများတွင် ဘူဇွာတော်လှန်ရေးတွေ ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေပေမယ့် ပရပ်ရှား(ဂျာမနီ)နဲ့ဂျပန်တို့မှာ အဲဒီလို ဒီအရင်းရှင် ဒီမိုကရေစီတော်လှန်ရေးကို ရှေ့ဆောင်ဆင်နွှဲဖို့ အရင်းရှင်လူတန်းစားတွေ နုနယ်အားနည်းနေချိန် ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီတုန်းက အနောက်ဥရောပနိုင်ငံများရဲ့ ခြိမ်းခြောက်မှုနဲ့ နယ်ချဲ့အန္တရာယ် ကာကွယ်သွားနိုင်ဖို့ အစဉ်အလာ အုပ်စိုးသူ လူတန်းစားတွေက ရှေ့ဆောင်ဆင်နွှဲလာခဲ့တာဖြစ်ပါတယ်။ အနောက် ဥရောပ ဂန္ထဝင်အရင်းရှင် ဒီမိုကရေစီတော်လှန်ရေးဟာ လူ့အဖွဲ့အစည်းအတွင်း အရင်းရှင်လူတန်းစားနဲ့ အရင်းရှင်စီးပွား ကုန်လုပ်စွမ်းအားစုတွေ သာလွန် အားကောင်းနေချိန်မှာ ဆင်နွှဲခဲ့ကြပြီး ပရပ်ရှား၊ ဂျပန်၊ အရင်းရှင်ဒီမိုကရေစီ တော်လှန်ရေးကျတော့ လူ့အဖွဲ့အစည်းအတွင်း အရင်းရှင် လူတန်းစား နုနယ်အားနည်းနေချိန်မျိုးမှာ ဆင်နွှဲခဲ့ရတာ ဖြစ်ပါတယ်။ ဒီကနေ့ တရုတ် ပြည်ကြီးဟာ ဒီတော်လှန်ရေးမျိုးကို ဆင်နွှဲနေတာဖြစ်ပါတယ်။ ဒါကြောင့် ဒီတော်လှန်ရေးနှစ်ရပ်ဟာ ဦးတည်ချက်တူသော်လည်း တော်လှန်ရေးဆင်နွှဲရာတွင် အရှေ့နဲ့ အနောက်၊ တောင်နဲ့မြောက်လို ခြားနားနေပါတယ်။ ကမ္ဘာ့သမိုင်းဖြစ်စဉ်တွင် အခုလို ခေတ်ဟောင်းရုပ်ဘဝအခြေအနေမျိုးက ခေတ်မီ အရင်းရှင် ဒီမိုကရေစီနိုင်ငံဘဝကို တက်လှမ်းလာတဲ့ နိုင်ငံတွေ ရှိပါတယ်။ ဂျာမနီ၊ ဂျပန်နဲ့ စစ်ပြီးခေတ် တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ စင်ကာပူစတဲ့ အာဆီယံ နိုင်ငံအချို့ဖြစ်ပါတယ်။ ဒီနိုင်ငံတွေမှာ အရင်းရှင်ဒီမိုကရေစီစနစ် ထူထောင်ရေး ပထမစခန်းထောက် ကို တည်ဆဲအုပ်စိုးသူ လူတန်းစားများထဲက ပြုပြင်ပြောင်းလဲရေး လိုလားတဲ့ အင်အားစုများက ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့တာဖြစ် ပါတယ်။ ဒီအင်အားစုတွေဟာ လွတ်လပ်တဲ့ ပုဂ္ဂလိကစီးပွားရေး (ဈေးကွက် စီးပွားရေး)အုတ်မြစ်တွေကို ချခင်းပေးတယ်။ ဒီကတစ်ဆင့် အရင်းရှင်နဲ့ အလုပ်သမားလူတန်းစားတွေ၊ အလယ်အလတ် လူတန်းစားနဲ့ပညာရှင်စတဲ့ လူတန်းစားတွေကို မီးရှူးသန့်စင်ဖွားမြင်လာစေတယ်။ ဒီအပေါ်အခြေခံပြီး ပြည်သူကိုယ်စားလှယ်ပြုစနစ်များလဲ တစ်စတစ်စ စတင်ထွန်းကားလာခဲ့ပါတယ်။ အဲဒီလိုစီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အခြေအနေတွေ ရင့်မာလာတာနဲ့အမျှ ဒီကနေ့ ခေတ်မီစက်မှုနိုင်ငံများတွင် ရှိသင့်ရှိအပ်တဲ့ ကြန်အင် လက္ခဏာတွေ ပြည့်စုံလာတာဖြစ်ပါတယ်။

လက်ရှိ မြန်မာ့လူ့အဖွဲ့ရဲ့ လူတန်းစားဘဝတွေကို ဆန်းစစ်ကြည့်မယ်ဆိုရင်လဲ အရင်းရှင် ဒီမိုကရေစီတော်လှန်ရေးဆင်နွှဲဖို့ အရင်းရှင်လူတန်းစားဟာ မွေးကင်းစသာ ရှိပါသေးတယ်။ ဒါတောင် တည်ဆဲ တပ်မတော်အစိုးရရဲ့ ပျိုးထောင်မှုကြောင့် ဒီအဆင့်ကို ရောက်လာတာဖြစ်ပါတယ်။ ဒါကြောင့် စက်မှုလက်မှုနဲ့ အလုပ်သမား လူတန်းစားဆိုတာလဲ အလားတူပင် ဖွံ့ဖြိုးမှုအားနည်းတဲ့ အနေအထားမှာ ရှိပါတယ်။ လယ်သမားလူတန်းစား အများစုကြီးတည်ရှိနေတဲ့ လူ့အဖွဲ့အစည်းသာဖြစ်ပါတယ်။ အဲဒီမှာ တောင်သူလယ်သမားအများစုကြီးတို့ဟာ ထွန်တုံး ထွန်တံကို မှီခိုလုပ်ကိုင်နေရဆဲဖြစ်ပါတယ်။ စက်မှုလယ်ယာအဆင့်ကို တက်လှမ်းဖို့ ကြိုးပမ်းဆဲသာ ဖြစ်ပါတယ်။ ၁၉၈၈ခုနှစ်နောက်ပိုင်း ထူထောင်ရေးလုပ်ငန်းတွေ အခုလို နှေးကွေးရတာဟာ အနောက်အုပ်စုနိုင်ငံများရဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ အတိုးနည်းချေးငွေ ဖြတ်တောက်မှု၊ လူသားချင်းစာနာတဲ့ အကူအညီ ပိတ်ပင်မှုတို့ ပါဝင်ပါတယ်။ ဒါကြောင့် ဒီကနေ့ မြန်မာနိုင်ငံဟာ မိမိတို့လူ့အဖွဲ့အစည်း ရောက်ရှိနေတဲ့ လူမှုဘဝနဲ့အညီ ပရပ်ရှား၊ ဂျပန် အရင်းရှင်ဒီမိုကရေစီတော်လှန်ရေးမျိုးသာ ဆင်နွှဲသွားရမယ် ဖြစ်ပါတယ်။

ဒါကြောင့် ဒီအရင်းရှင် ဒီမိုကရေစီ တော်လှန်ရေးကို ဆင်နွှဲသွားဖို့ တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ မူဝါဒလုပ်ငန်းစဉ် ခုနစ်ရပ်ကို ပီပြင်စွာ ချမှတ်ခဲ့ပြီဖြစ်ပါတယ်။

အောင်မိုးစံ

ပထမအဆင့်	၁၉၉၆ခုနှစ်မှစ၍ ယာယီအားဖြင့်ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပခြင်း။
ဒုတိယအဆင့်	အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း။
တတိယအဆင့်	အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့် အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲခြင်း။
စတုတ္ထအဆင့်	ဖြစ်ပေါ်လာသည့် အခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း။
ပဉ္စမအဆင့်	ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း။
ဆဋ္ဌမအဆင့်	ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း။
သတ္တမအဆင့်	လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ခြင်းတို့ ဖြစ်ပါတယ်။

ဒီအပေါ် အိမ်နီးချင်းနိုင်ငံများက ကြိုဆိုခဲ့သလို ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ် မစ္စတာရာဇလီကလဲ တစ်ခုတည်းသော ထွက်ရာလမ်းအဖြစ် တစ်မျိုးသားလုံး ကြိုးပမ်းသွားဖို့ ပြောဆိုသွားခဲ့ပါတယ်။ ဒါ့အပြင် မကြာသေးခင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပခဲ့တဲ့ နဝမအကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကလဲ တညီတညွတ်တည်း ကြိုဆိုခဲ့ကြပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးမှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖော်ပြခဲ့တဲ့ မြန်မာနိုင်ငံရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ရှင်းပြခဲ့တယ်လို့ သိရပါတယ်။ ဒီအာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံအဖွဲ့ကြီးရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ASEAN Economic Community, ASEAN Security Community, ASEAN Socio-cultural Community တို့ကို ဖော်ပြတဲ့ ASEAN Concord II(Bali Concord II)ကို နိုင်ငံတော်ခေါင်းဆောင်ကြီးများက လက်မှတ်ရေးထိုးခဲ့တဲ့အပြင် အာဆီယံမိတ်ဖက်နိုင်ငံများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယတို့နဲ့ ဆက်ဆံရေးကိုလဲ တိုးမြှင့်နိုင်ခဲ့တယ်။ ဒါကြောင့် သမိုင်းတင်ရမယ့် ထိပ်သီးအစည်းအဝေးတစ်ရပ်ဖြစ်တယ်လို့ လေ့လာသူများက သုံးသပ်ကြပါတယ်။ ဒါ့အပြင် အာဆီယံခေါင်းဆောင်များက မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ထွန်းခဲ့တဲ့ အပြုသဘောဆောင်သော ဖြစ်ရပ်များကိုလည်းကောင်း၊ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲဖို့ နိုင်ငံတော်အစိုးရရဲ့ ထုတ်ပြန်မှုနဲ့ ကတိကဝတ်ကိုလည်းကောင်း ကြိုဆိုခဲ့ကြပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံတော်ရှေ့လျှောက်လှမ်းရမယ့် လုပ်ငန်းစဉ်ဟာ လက်တွေ့ကျပြီး နားလည်စာနာထောက်ခံသင့်တယ်လို့ယူဆကြောင်း၊ စီးပွားရေးတားဆီးပိတ်ပင်မှုများဟာ ဒီမိုကရေစီစနစ် အမြစ်တွယ်စေရန်အတွက် လိုအပ်သော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အထောက်အကူပြုရာ မကျကြောင်းဖြင့် ထိပ်သီးအစည်းအဝေးအပြီးတွင် ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်မှာ ဖော်ပြခဲ့ကြပါတယ်။ ဒီအပေါ်အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ ဗိုလ်ကျစိုးမိုးရေးဝါဒီတွေဟာ သူတို့သြဇာ အကြွင်းမဲ့နာခံပြီး အနောက်ဒီမိုကရေစီကို ပုံတူမကူးတဲ့ အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံအပေါ် အာဆီယံအဖွဲ့က ပြင်းထန်စွာ ဖိအားမပေးရကောင်းလား၊ အာဆီယံအဖွဲ့က မထုတ်ပယ်ရကောင်းလားဆိုပြီး မကျေမနပ်ပြောဆိုပုတ်ခတ်လာပါတယ်။ မြန်မာနိုင်ငံကိုသာမက အာဆီယံအဖွဲ့ကိုပါ သူတို့သြဇာခံမလုပ်တဲ့အတွက် မကျေနပ်မှု တွေဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် သပ်လျှိုသွေးခွဲဖို့ ကြံစည်အားထုတ်လာတယ်။ ဒီလုပ်ရပ်များနဲ့ ပတ်သက်လို့ မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်ရဲ့ တစ်ချိန်က တုံ့ပြန်ရေးသားခဲ့မှုတွေကို ပြန်လည်သတိရမိပါတယ်။

"အနောက်နိုင်ငံများဟာ အခြားသော အတွေးအခေါ်များကိုတော့ အကြမ်းဖက် အကျပ်ကိုင်နည်းတွေသုံးပြီး ဝါဒဖြန့်နေတယ်လို့ စွပ်စွဲပြောဆိုနေပေမယ့် သူတို့ကိုယ်တိုင်လဲ အလားတူနည်းတွေကို ကျင့်သုံးပြီး မိမိတို့ အယူအဆတွေကို လက်ခံစေဖို့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ကုန်သွယ်ရေးပိတ်ဆို့အရေးယူမှုတွေ၊ နည်းမျိုးစုံ အနိုင်ကျင့်မှုတွေ၊ သူတို့ရဲ့ လူထုဆက်သွယ်ရေးစာနယ်ဇင်း၊ ရုပ်သံလွှင့်နယ်ပယ်များကတစ်ဆင့် အပုပ်ချမှုတွေကို ကျင့်သုံးနေကြတယ်။ ဒါဟာ ဒီမိုကရေစီစနစ်ကို အတင်းပုံရိုက်သွင်းနာခံစေမှုပဲ။ အယူအဆချင်း ယှဉ်ပြိုင်မှုကို ပိတ်ပင်မှုပဲ၊ အနောက်လစ်ဘရယ်ဒီမိုကရေစီနိုင်ငံများဟာ ခိုင်မာတည်ငြိမ်တဲ့ အစိုးရမျိုးမဖန်တီးနိုင်ပါ။ ဒါကြောင့် အရှေ့အာရှ စီးပွားရေးတွေနဲ့ ယှဉ်ပြိုင်လာရတဲ့အခါ အဲဒီအားနည်းချက်ကို ခံစားနားလည်လာကြတယ်။ ဒါကြောင့် သူတို့လိုပဲ အရှေ့အာရှ ဒီမိုကရေစီ နိုင်ငံများကို မတည်မငြိမ်ဖြစ်စေချင်တယ်။ ဖြစ်မယ့်အခြေအနေတွေပေါ်အောင် ဖန်တီးလိုကြတယ်။ အဲဒီလို အားထုတ်ရာတွင် အပြင်ဗန်းက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ များများပြောလာတဲ့ စောစောပိုင်း ထိုးနှက်ချက်တွေအပေါ်မှာတော့ အရှေ့အာရှနိုင်ငံများဟာ တော်တော်လေး ခုခံတွန်းလှန်နိုင်ခဲ့ပြီဖြစ်တယ်။" အခုလို မလေးရှားဝန်ကြီးချုပ် မဟာသီယာရဲ့ တုံ့ပြန်ရေးသားခဲ့မှုဟာ အာဆီယံနိုင်ငံတွေအဖို့ အချိန်မရွေးမှန်နေဆဲပင် ဖြစ်ပါတယ်။ ဒီကနေ့ အာဆီယံနိုင်ငံများဟာ ကမ္ဘာမှာ ထင်ရှားတဲ့ ဒေသတစ်ခုဖြစ်လာတယ်။ အာဆီယံ ဘုံဈေးကွက်ကြီး တစ်ခုကို ကြိုးပမ်းထူထောင်နေတာလဲ ဖြစ်ပါတယ်။ အာဆီယံ နိုင်ငံများရယ်လို့ စဖွဲ့ခါစက အရှေ့တောင်အာရှ ဒေသဟာ စီးပွားရေးအရ နောက်ကျမှုရှိနေပြီး နိုင်ငံရေးတည်ငြိမ်မှုလဲ အားနည်းခဲ့ပါတယ်။ ဒီကနေ့မှာတော့ အာဆီယံစီးပွားရေးဟာ အတော် ခိုင်မာတိုးတက်လာပြီး နိုင်ငံရေးတည်ငြိမ်မှုလဲ ရလာနေပါတယ်။

အာဆီယံနိုင်ငံအချို့ဟာ ထွန်းသစ်စ စက်မှုနိုင်ငံအဆင့်ကို တက်လှမ်းလာနိုင်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာမှာ နိုင်ငံတကာ လေးစားအာရုံစိုက်ခံရတဲ့ ဒေသတစ်ခုလဲ ဖြစ်လာပါတယ်။ အာဆီယံဒေသရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးတည်ငြိမ်မှုဟာ အရှေ့တောင်အာရှဒေသတစ်ခုသာမက ကမ္ဘာ့စီးပွားရေးနဲ့ နိုင်ငံရေးမှာပါ အရေးပါတဲ့စွမ်းအားကို ရရှိလာပြီးဖြစ်ပါတယ်။ ဒါဟာ အာဆီယံနိုင်ငံများအတွင်း အချင်းချင်း လိုက်နာစောင့်သိရမယ့် ကျင့်ဝတ်များ၊ မူဝါဒများအပေါ် အပြန်အလှန်လေးစားလိုက်နာ ကြိုးပမ်းမှုကြောင့် ဖြစ်ပါတယ်။ ဒီအပေါ် အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းအပါ ဗိုလ်ကျစိုးမိုးရေးဝါဒီများ အနေနဲ့ အနောက်သြဇာခံမလုပ်တဲ့ အာဆီယံကို သပ်လျှိုသွေးခွဲဖို့ မကြံသင့်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြား

၂၃-၁၀-၂၀၀၃
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၃၅ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(စိတ်ပညာ) (ခ)ပထမနှစ်(ဝါဏိဇ္ဇဗေဒ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနဲ့ယမင်းရွှေစင်"** (အပိုင်း–၁၀)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"**(အပိုင်း–၃၅)

မြေလတ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများ



လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ နှင့် တစ်နှစ် ကီလိုဝပ် နာရီသန်းပေါင်း ၁၁၇ ဒသမ ၂ သန်း ထုတ်လုပ်ပေးနိုင်ပြီး ကျပ် ၁၁၅၅ သန်းခန့်နှင့် နိုင်ငံခြားငွေ ဒေါ်လာသန်း ၂၀ ခန့် ရင်းနှီးကျခံသုံးစွဲခဲ့သော သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံကို တွေ့ရစဉ်။

မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေနှင့် သဘာဝဓာတ်ငွေ့မြေတွင် တူးဖော်ပြီးစီးသည့် ရေနံတွင်း အမှတ်(၁)ကို တွေ့ရစဉ်။







၂၀၀၁ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် မကွေးတိုင်း စလင်းမြို့နယ်၌ဖွင့်လှစ်ခဲ့သည့် စလင်းရေလှောင်တမံကို တွေ့ရစဉ်။



ညောင်ဦး – မြင်းခြံလမ်း

ညောင်ဦး– မြင်းခြံလမ်းသည် အရှည်မိုင် ၄၀ နှင့် ၂ ဖာလုံသာရှိပြီး မူလလမ်းဖြစ်သော ညောင်ဦး– ပုပ္ပား- တောင်သာ– မြင်းခြံလမ်း အရှည် ၇၉ မိုင်ထက် ၃၈ မိုင် ၆ ဖာလုံ တိုတောင်းသွားပြီး ညောင်ဦးမြို့နှင့် မြင်းခြံမြို့ တို့ကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။ ထို့အပြင် အဆိုပါလမ်းပေါ်ရှိ ကျေးရွာပေါင်း ၁၉ ရွာတို့မှလည်း ကျေးရွာချင်း အလွယ်တကူဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ပြီး လမ်းမကြီးအနီးရှိ ကျန်ကျေးရွာများအတွက်လည်း များစွာအကျိုးရှိ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာ အထောက်အကူပြုလျက်ရှိသည်။

ယင်းအပြင် ယခင်က ညောင်ဦးမှပခုက္ကူသို့ ကျွန်းချောင်းမှတစ်ဆင့်သွားလာရပြီး ၂၇ မိုင် ကွာဝေးသော်လည်း ယခုအခါ အဆိုပါလမ်းသည် လက်ပံခြေပေါ်ရွာမှတစ်ဆင့်သွားပါက ၁၄ မိုင်သာကွာဝေးသဖြင့် ၁၃ မိုင် သက်သာခဲ့ပြီဖြစ်သည်။

ကျေးဇူးတင်စကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပုဂံရေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေး လူထု အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသော လက်ဖက်ရည်ပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

❀ ပြည်ထောင်စုမှ

အဆိုပါညစာစားပွဲသို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ညှိနှိုင်းရေးမှူး၊ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လူထုအစည်းအဝေး သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူထုအစည်းအဝေး အခမ်းအနားမှူးများနှင့် ထူးချွန်သော မျိုးဆက်သစ် လူငယ်များ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့အပြင် ဗဟိုနာယကအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အောက်တိုဘာ ၂၁ ရက်နံနက် ၈နာရီခွဲတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ သရပါ ဟိုတယ်၌ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် ခုနစ်ရပ် အောင်မြင်ရေး လူထု အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် လူထု အစည်းအဝေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါဂုဏ်ပြုလက်ဖက်ရည်ပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ညှိနှိုင်းရေးမှူး၊ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လူထုအစည်းအဝေးသဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ၊ အခမ်းအနားမှူးများ၊ ပြည်နယ်တိုင်း အသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ၊ ထူးချွန်သော မျိုးဆက်သစ် လူငယ်များ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုလက်ဖက်ရည်ပွဲ အခမ်းအနားတွင် ဗဟိုနာယက အဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး လူထု အစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ ပုဂံလူထုအစည်းအဝေး ကြေညာချက်နှင့် အညီ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်ခုနစ်ရပ် အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင်လည်း ဆက်လက်၍ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် လူထု အစည်းအဝေး သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များ၊ အခမ်းအနားမှူးများနှင့် ကူညီဆောင်ရွက်ခဲ့ကြသူများ အားလုံးကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

● နိုင်ငံတော်မှ

ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များသည် ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် ပုဂံဘုရားများအား လှည့်လည်ကြည့်ရှုလေ့လာကြည်ညိုကြသည်။

ကယားပြည်နယ်

အလားတူ ကယားပြည်နယ်မှ တက်ရောက်လာသော ကိုယ်စားလှယ် ၁၀၆ဦး တို့သည် ညောင်ဦးမြို့ အမှတ်(၃) ရပ်ကွက်၌ စခန်းချတည်းခိုကြပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပုဂံယဉ်ကျေးမှုပြတိုက်နှင့် ပုဂံဒေသရှိ ဘုရားများအား သွားရောက်လေ့လာကြည်ညိုကြသည်။

ချင်းပြည်နယ်

ထို့အတူ ချင်းပြည်နယ်မှ ကိုယ်စားလှယ် ၅၁ ဦးတို့သည် ညောင်ဦးမြို့ အမှတ်(၁)ရပ်ကွက်၌ စခန်းချတည်းခိုကြရာ အဆိုပါစခန်းချတည်းခိုရာ နေအိမ်များသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သူရအောင်ကို သွားရောက်၍ အိမ်ရှင်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

စစ်ကိုင်းတိုင်း

အလားတူပင် စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ် ၂၀၄ ဦးတို့သည် ညောင်ဦးခရိုင် ကုန်းတန်းကြီးကျေးရွာ အုပ်စု သန့်စင်ကြယ်ကျေးရွာ၌ စခန်းချ တည်းခိုကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို) အတွင်းရေးမှူး ဗိုလ်မှူးချုပ် ကျော်ဆန်း သွားရောက်၍ စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ်များ၊ သန့်စင်ကြယ်ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံနှုတ်ဆက်ပြီး စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုတို့ကိုကြည့်ရှုကာ အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး အတွက် အလှူငွေများ၊ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ၊ ကျေးလက်ပြည်သူများအတွက် အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

စစ်ကိုင်းတိုင်းမှ ကိုယ်စားလှယ်များသည် ကျေးရွာ ပြည်သူများအား လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ ကျေးရွာ ရွာဦးရှိ ရေဇူစေတီတော်အား ထုံးသင်္ကန်းကပ်လှူခြင်း လုပ်အားဒါနများပြုကြပြီး အောက်တိုဘာ၂၀ ရက် ညနေပိုင်းတွင် ပြည်သူများအား ဘောလုံးနှင့် ထုပ်ဆီးထိုးပြိုင်ပွဲများ၊ ကာရာအိုကေ သီချင်းဆိုပြိုင်ပွဲများ ကျင်းပ၍ ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် အောက်တိုဘာ ၂၀ရက် ညပိုင်းတွင်သန့်စင်ကြယ်ရွာ၌ ကျေးရွာပြည်သူများအား မော်ကွန်းရုပ်ရှင်သတင်းကားများ၊ မြန်မာရုပ်ရှင် ဇာတ်ကားများဖြင့် ပြသဖျော်ဖြေကြသည်။

တနင်္သာရီတိုင်း

ထို့အတူ တနင်္သာရီတိုင်းမှ ကိုယ်စားလှယ် ၅၀ သည် ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက်၌ စခန်းချတည်းခိုကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် မောင်မောင်သိမ်း သွားရောက်၍ တနင်္သာရီတိုင်းမှ ကိုယ်စားလှယ်များနှင့်အတူ တည်းခိုရာ နေအိမ်ရှင်များအားဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သော တနင်္သာရီတိုင်းမှ ရေလုပ်ငန်းရှင်များကလည်း တည်းခိုရာ အိမ်ရှင်များအား ဒေသထွက်ပစ္စည်းများကို လက်ဆောင်အဖြစ်ပေးအပ်ကြသည်။

ပဲခူးတိုင်း

ပဲခူးတိုင်း(အနောက်ပိုင်း)မှ ကိုယ်စားလှယ်၁၀၁ဦးတို့သည် ညောင်ဦးမြို့နယ် အရှေ့ဖွားစောရွာနှင့် အနောက်ဖွားစောရွာများတွင် စခန်းချတည်းခိုကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်ဗိုလ်မှူးချုပ်ကျော်ဝင်း သွားရောက်၍ တည်းခိုရာ အိမ်ရှင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ကိုယ်စားလှယ်များသည် ပုဂံဒေသရှိ ဘုရားများသို့ လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

မကွေးတိုင်း

မကွေးတိုင်းမှ ကိုယ်စားလှယ် ၁၁၂ဦး တို့သည် ညောင်ဦးမြို့နယ် သီရိပစ္စယာရပ်ကွက်၌ စခန်းချတည်းခိုကြပြီး ပုဂံဒေသရှိ ဘုရားများအား လှည့်လည်ဖူးမြော်ကာ စေတီပုထိုးများ၌ သန့်ရှင်းရေးလုပ်အားဒါနပြုပြီး အလှူငွေများ လှူဒါန်းကြသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာသည် မကွေးတိုင်းမှ ကိုယ်စားလှယ်များ စခန်းချတည်းခိုရာ သီရိပစ္စယာရပ်ကွက်ရှိ နေအိမ်များသို့ သွားရောက်၍ အိမ်ရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

မန္တလေးတိုင်း

ထို့အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူးဦးအောင်သောင်းသည် မန္တလေးတိုင်းမှ ကိုယ်စားလှယ်များ စခန်းချတည်းခိုနေထိုင်ရာ ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက်နေအိမ်များသို့သွားရောက်ပြီး အိမ်ရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ အဆိုပါမန္တလေးတိုင်းမှ ကိုယ်စားလှယ်များသည် ညောင်ဦးမြို့ ရှိ ရွှေစည်းခုံစေတီတော်သို့ သွားရောက်ကာ ပရဝဏ်သန့်ရှင်းရေး လုပ်အားဒါန စုပေါင်းဆောင်ရွက်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်မှ ကိုယ်စားလှယ် ၁၀၀ သည် ညောင်ဦးမြို့ အမှတ် (၆) ရပ်ကွက်၌ စခန်းချတည်းခိုကြပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပုဂံဒေသရှိ ဘုရားများအား လှည့်လည် ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းကြသည်။

ထို့အပြင် အဆိုပါကျေးရွာများရှိ ကျေးလက် စာကြည့်တိုက်များသို့ သုတ၊ ရသနှင့် ကလေးစာပေ စာအုပ်မျိုးစုံ ၈၀၀ ကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ကိုယ်စားလှယ် ၁၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှကိုယ်စားလှယ် ၁၀၉ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကိုယ်စားလှယ် ၅၄ ဦးတို့သည် ညောင်ဦးမြို့ အနော်ရထာရပ်ကွက်နှင့် ကျန်စစ်သားရပ်ကွက်တို့၌ စခန်းချတည်းခိုကြပြီး ကျေးရွာပြည်သူများအား ကျန်းမာရေး

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ် ၁၀၁ဦးတို့သည် ညောင်ဦးမြို့ ကျန်စစ်သားရပ်ကွက်၌ စခန်းချတည်းခိုကြပြီး ပုဂံဒေသရှိဘုရားများကို လှည့်လည် ဖူးမြော်ကြည်ညိုကြကာ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ခင်မောင်သည် ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ်များ စခန်းချတည်းခိုရာ ကျန်စစ်သားရပ်ကွက် နေအိမ်များသို့ သွားရောက်၍ အိမ်ရှင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ရန်ကုန်တိုင်း

ရန်ကုန်တိုင်းမှ ကိုယ်စားလှယ် ၂၅၄ဦးတို့သည် ညောင်ဦးမြို့နယ် ဝက်ကြီးအင်းကျေးရွာနှင့် တောင်ဖီကျေးရွာများ၌ စခန်းချတည်းခိုကြပြီး ကျေးရွာပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး လက်တွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ပေးကြသည်။ ညနေပိုင်းတွင် ပုဂံဒေသရှိ ဘုရားများအား လှည့်လည် ဖူးမြော်ကြည်ညိုကြကာ အလှူငွေများ လှူဒါန်းကြသည်။

ဧရာဝတီတိုင်း

အလားတူ ဧရာဝတီတိုင်းမှ ကိုယ်စားလှယ်၁၀၅ဦးတို့သည် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ၌ စခန်းချတည်းခိုကြပြီး ကျေးရွာရှိ ကလေးပြုစုခြင်းလုပ်ငန်း၊ လူမှုရေးလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းများအတွက် အလှူငွေများပေးလှူခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ကြပြီး စခန်းချအိမ်ရှင်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေး လူထုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များနှင့်ပုဂံဒေသမှပြည်သူများအား ဖျော်ဖြေရေးအတွက် အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက် ညများတွင် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ ရှမဝအငြိမ့်ဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းကလည်း အောက်တိုဘာ ၁၈ ရက်ညတွင် ကောင်းကင်ထက်က ပန်းတစ်ပွင့်နှင့်ပန်းတစ်ပွင့်ဖန်ဆင်းခြင်း ဇာတ်ကားများကို လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက် ညတွင် အချစ်ကိုမွေးဖွားခြင်းနှင့် ချစ်ခြင်း၏ အခြားမဲ့၌ဇာတ်ကားကိုလည်းကောင်း၊ အောက်တိုဘာ ၂၀ ရက် ညတွင် နှလုံးလှလှမိုက်နှင့် သမီးမိုက် ဇာတ်ကားများကို လည်းကောင်း မော်ကွန်းသတင်းကားများနှင့်အတူ ပြသပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ မြန်မာ့ရုပ်မြင်သံကြားအဖွဲ့နှင့် မြန်မာ့ရုပ်မြင်သံကြား(၃)[MRTV-3]တို့ကလည်း လူထုအစည်းအဝေးကြီးသို့တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်သူများနှင့်တွေ့ဆုံမေးမြန်းခန်းအစီအစဉ်များ ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်း ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာတွင် ရောက်ရှိနေသည့် စစ်ကိုင်းတိုင်းမှ ပြည်သူလူထုကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)



ကောင်းသန့်စာပေ အမှတ် ၂၀၉၊ ပထပ်(ယာ)၊ ၃၈လမ်း၊(ထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၂၂၀၅၃ က ထုတ်ဝေသော ဦးသန်းထွတ်(ပါမောက္ခ၊ ငြိမ်း) ပညာရေးတက္ကသိုလ်၏ မိတ်ကောင်းဖော်မွန် စာအုပ် မျက်နှာဖုံး။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက် (အဖိတ်နေ့)
၂၃-၁၀-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ လဂွမ်းပြင်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English For Everyday Use
- ၁၆:၄၅ ၄။ ငယ်မူဟန်ပန်သူ့အသံ
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
- ၁၇:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၃၀ ၇။ မြန်မာစာမြန်မာစကား
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ "ဆွေမျိုးတော်ပေမယ့်" (ဒုရဲမှူး ထင်လင်း၊ ဆောင်းအိမ်ရွှေထွန်း၊ ဇေဒါ) (ဒါရိုက်တာ-သက်တင်)
- ၁၈:၀၀ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success In Soccer.
- ၁၉:၁၀ ၁၄။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၉:၂၀ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၃၀ ၁၆။ ဝက်သက်ရောဂါပပျောက်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး
- ၁၉:၄၅ ၁၇။ ရွှေလီရေအားလျှပ်စစ်စီမံကိန်း [ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ခမ်း]
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ ၂၀၀၃ခုနှစ် ဧကာဒသမကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ "မြန်မာ့ဓာတ်ပြား ခေတ်အစဉ်" (ဗိုလ်ကလေး တင့်အောင် စီစဉ်တင်ဆက်သည်)

ကာထိန်သက်န်းဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

ဝိနည်းတော်နှင့်အညီ သေသပ်ခိုင်ခံ့စွာချုပ်လုပ်ထားသော ကြာငါးခိုင် ကထိန်သင်္ကန်းများကို ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီ၊ လက်ကား ရောင်းချပေးလျက်ရှိရာ ဦးညွန့်ရွှေ-ဒေါ်နီလာရွှေ အမှတ် ၈၃၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၃၅၁၆၂၊ အမှတ်၅၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၂၄၁၈၂၊ အမှတ် ၁၀၅၊ ကုန်ဈေးတန်းလမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၃၇၅၄၅၈ တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

အမျိုးသမီးများနှင့် အားကစား

ရွှေစည်းပုံ သုံးအိမ်နှောပါလို့
မယ်ရောပ မောင်နှင့်ကွယ်။
ကြောက်ခမန်း
ညောင်နန်းမှာ ဝေလေလေပေါ့
အထွေထွေတဆွေကို မေးပါလို့
ပြေးတဲ့အရွယ်။
အင်းမနေ မြေမနင်းရယ်နဲ့
ခေါင်းခေါက်ရင်း ထိပ်ပုတ်တယ်
စိတ်လုပ်မယ်လို့ မကြံဖြစ်။
လသာသာ
ညခါမှာဖန်တို့လို့
တန်ကိုနော် မဆိုရဲရှာဘူး
ကစားရွယ်ငယ်ကထဲက
စွဲတဲ့အချစ်။ ။

ဤကဗျာလေးကို ကျွန်မတို့ ကျောင်းသူဘဝ စတင်သင်ကြားရစဉ်ကပင် နှစ်သက်စွဲလမ်းခဲ့ရပါသည်။ ငယ်စဉ်ကလေးဘဝ အတူတူကစားခဲ့ကြစဉ်က စခဲ့သော သံယောဇဉ်နွယ်တစ်မျှင်သည် ဘဝခရီးတစ်လျှောက်လုံးတွင် ရင်ထဲသို့ စိမ့်ဝင်စွဲနစ်နေခဲ့ရသော အချစ်ဖြစ်ခဲ့ပါသည်တဲ့။

ကလေးဘဝတွင် ထုပ်ဆီးတိုး၊ ညောင်ပင်တဆွေဝေလေလေ၊ အင်းမနေ မြေမနင်း၊ ဖန်ခုန်ခြင်း စသည်တို့ကို ပြေးလွှားဆော့ကစားခဲ့ကြသော ကျွန်မတို့တစ်တွေသည် 'ကစားရွယ်ငယ်ကထဲက စွဲခဲ့ရသောအချစ်' ခံစားမှုများကို ရရှိခဲ့ကြသူများ ရှိကြပေလိမ့်မည်။ ငယ်ချစ်နှင့်ပင် ဖူးစာဆုံပြီး ဘဝခရီးကို ကြည်နူးစွာ လျှောက်လှမ်းရသူတွေလည်း ရှိခဲ့ပါလိမ့်မည်။ ထို့အတူ ကစားရွယ် အချစ်များကို မရရှိခဲ့ဘဲ သူငယ်ချင်းတွေသာ ရခဲ့ကြသူများလည်း ရှိကြပါလိမ့်မည်။ အချစ်ခံစားမှုများကို ရခဲ့သည်ဖြစ်စေ၊ မရခဲ့သည်ဖြစ်စေ မည်သူမဆိုပင် ကလေးဘဝက ကစားခဲ့ရသော ပျော်ရွှင်ခြင်းခံစားမှုများကိုမူ ယနေ့တိုင် မမေ့နိုင်ခဲ့ကြပါချေ။

လောက၌ မကစားဖူးသော ကလေးမည်သည် မရှိပါချေ။

ကစားခြင်းဖြင့် ပျော်ရသောအရသာကို မမက်မောသော ကလေးမည်သည် မရှိပါချေ။

ကလေးဘဝက ကစားခဲ့ရသော ကြက်ခွပ်ခြင်း၊ ဖန်ခုန်ခြင်း၊ လွှန်ဆွဲခြင်း၊ စိန်ပြေးခြင်း၊ စွန်လွှတ်ခြင်း စသော ကျွန်မတို့၏ ရိုးရာအားကစားနည်းများ (Traditional Sports)သည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးကို အားပေးသည်။ ကိုယ်ရောစိတ်ပါ အပန်းပြေစေသည့် အပျော်အားကစားလှုပ်ရှားမှုများလည်းဖြစ်သည်။ ရိုးရာ အားကစားနည်းများသည် 'ကစားရွယ်ငယ်ကထဲက စွဲတဲ့အချစ်'နှင့် အတူစွဲခဲ့သော ကစားနည်းများ၊ ကျွန်မတို့ အပျော်ကြီး ပျော်ခဲ့ရသော ကစားနည်းများ၊ ငွေမကုန် ကယိကထမများ၊ ဂုဏ်တုဂုဏ်ပြိုင် လုပ်စရာမလို၊ ပကာသနမဖက်သော ရိုးသားလှပဖြူစင်သည့် ကစားနည်းများ ဖြစ်သည်။

သို့သော် ကျွန်မတို့မြန်မာလူမျိုးသည် တစ်ခါတစ်ရံ အလွန်ထူးခြားသော လူမျိုး ဖြစ်နေတတ်သည်။ ဤမျှပျော်ရွှင်ရသော၊ မက်မောရသော ကစားခြင်းကိုပင် ကျွန်မတို့တစ်တွေသည် ကလေးဘဝလွန်မြောက်၍ အရွယ်လေးမရောက်တရောက်တွင် အပြီးတိုင် စွန့်ခွာသွားတတ်ကြသည်။

တကယ်တော့ ကလေးဘဝတွင် ပျော်ချင်၍ကစားခဲ့ခြင်း၊ ပျော်ရတာသဘောကျ၍ ကစားမက်ခဲ့ခြင်းဖြစ်သော်လည်း ကစားခြင်းကြောင့် သွေးလေလည်ပတ်မှု အားကောင်းခဲ့သည်။ အစာကြေလွယ်ခဲ့သည်။ ကောင်းကောင်းကြီး အိပ်ပျော်ခဲ့ရသည်။ ကိုယ်ခန္ဓာကြံ့ခိုင်ခဲ့သည်။ ကိုယ်ခံအား ကောင်းခဲ့သည်။ အဖျားအနာ နည်းခဲ့သည်။ ကျန်းမာသန်စွမ်းခဲ့သည်။ ဦးနှောက်ကြည်လင်ခဲ့သည်။ ဉာဏ်ရည်ထက်မြက်ခဲ့ကြသည်။

ဤအကျိုးတရားများကို ခံစားခဲ့ရသည်မှာ အမှန်ဖြစ်သော်လည်း အရွယ်ရောက်လာသောအခါ ကိုယ်ကာယကြံ့ခိုင်ရေး အားကစားလေ့ကျင့်ရေးများနှင့် ဝေးကွာခဲ့ကြသည်။ ကျွန်မတို့သည် စားစရာကြွယ်ဝသော၊ နားစရာ အချိန်ရသော ကံကောင်းသော လူမျိုးများဖြစ်သောကြောင့်လည်း အားလျှင်ဘာစားရမည်ကိုသာ စဉ်းစားသည်၊ အားလျှင် ဘယ်လိုနားရမည်ကိုပဲတွေးသည်။ အားလျှင် ဘယ်လို ကစားမည်ဟု စိတ်ကူးသူက ရှားလွန်းလှသည်။

အားကစားဟူသည်မှာ အားစိုက်ထုတ်မှုပါဝင်သော အပန်းဖြေမှုသဘောမျိုးသို့မဟုတ် ပြိုင်ပွဲသဘောမျိုးသက်ရောက်သည့် လှုပ်ရှားမှုဖြစ်သည်ဟု ဆိုကြသည်။ အားကစားတွင်-

၁။ အပန်းဖြေအားကစားလှုပ်ရှားမှု (Recreation Sport- Leisure Time Sport)

၂။ ယှဉ်ပြိုင်အားကစားလှုပ်ရှားမှု (Competitive Sports)

ဟူ၍ နှစ်မျိုးရှိသည်ဟု သိရှိရသည်။

အားကစားတွင် ထူးချွန်သူများဖြစ်ပြီး ပြိုင်ပွဲဝင်နိုင်ခြင်းသည် မိမိနိုင်ငံတော်အတွက် အလွန်ဂုဏ်ယူဖွယ်ရာ ဖြစ်သည်။ နိုင်ငံတကာပွဲများတွင် အားကစားထူးချွန်သူများသည် နိုင်ငံ၏ဂုဏ်ကို အမှန်တကယ်ဆောင်နိုင်သူများ ဖြစ်ကြသည်။ မည်မျှသေးငယ်သော နိုင်ငံဖြစ်ပါစေ၊ မည်မျှဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံဖြစ်ပါစေ နိုင်ငံတကာပွဲများတွင် အားကစားထူးချွန်သော ရွှေတံဆိပ်ဆုရှင်များရှိနေပါလျှင် ယင်းနိုင်ငံကို စိတ်ဝင်စားကြသည်။ လေးစားကြသည်။ အသိအမှတ်ပြုကြသည်။ သို့ကြောင့်လည်း ကမ္ဘာ့နိုင်ငံများသည် အားကစားထူးချွန်သူများ စဉ်ဆက်မပြတ်စေရန် အထူးအလေးထားပြီး မွေးမြူလေ့ကျင့်နေကြခြင်းဖြစ်သည်။

နိုင်ငံတော်တစ်ခုလုံး၏ အတိုင်းအတာတစ်ရပ်အနေနှင့်မူ လူတိုင်းလူတိုင်း အားကစားထူးချွန်သူ၊ လူတိုင်းလူတိုင်း အားကစားပြိုင်ပွဲဝင်နိုင်သူများ မဖြစ်နိုင်သော်လည်း လူတိုင်းသည်မူ ကျန်းမာကြံ့ခိုင်ရေးသက်သက်အတွက် ကိုယ်စိတ်အပန်းဖြေသည့် အပျော်အားကစားလှုပ်ရှားမှုများတွင် ပါဝင်နိုင်ကြသည်။

မခင်ဆွေမြင့် (မြန်မာစာ)

အားကစားပညာရှင်များက အားကစားသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းကိုသာမက မိမိ၏နိုင်ငံတော်ကို အထူးတလည်အကျိုးပြုနိုင်သည်ဟု ဆိုကြသည်။

အားကစားသည် နိုင်ငံတော်အပေါ်တွင်-

(၁) လူငယ် (Youth)
(၂) ကျန်းမာရေး(Health)
(၃) ဂုဏ်သိက္ခာ (Prestige)
(၄) အပြန်အလှန်ဆက်ဆံရေး(Exchanges)
(၅) စိတ်ဓာတ် (Moral)

ဟူသော နေရာငါးခုမှနေ၍ အကျိုးပြုနိုင်သည်။

အားကစားသည် လူငယ်ထု၏ ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာ ကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ ကျန်းမာရေးပိုမိုကောင်းမွန်လာရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက်လည်းကောင်း၊ လူအချင်းချင်း၊ နိုင်ငံအချင်းချင်း အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာရေးအတွက်လည်းကောင်း၊ ပြည်သူတို့၏ စိတ်ဓာတ်ဖွံ့ဖြိုးကြံ့ခိုင်လာရေးအတွက်လည်းကောင်း များစွာအကျိုးထူးစေသည်။

သို့ကြောင့် အားကစားသည် နိုင်ငံတော်၏ ယဉ်ကျေးမှုနှင့် ဆက်နွှယ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အားကစားဖွံ့ဖြိုးတိုးတက်မှုကို အခြေခံပြီး ယင်းနိုင်ငံ၏ ယဉ်ကျေးမှုကို တန်ဖိုးဖြတ်ကြသည်။ အားကစားကြောင့် ယဉ်ကျေးမှုဆိုင်ရာများ ပိုမိုတိုးတက် ကျယ်ပြန့်လာရသည်။ အားကစားကြောင့် လူမှုဆက်ဆံရေးတွင် ပိုမိုချောမွေ့ ပြေပြစ်လာရသည်။ အားကစားကြောင့် ဉာဏ်ရည်ဉာဏ်သွေး ပိုမိုထက်မြက်လာရသည်။ အားကစားတွင် ထူးချွန်အောင်မြင်မှုများကြောင့် အမျိုးသားရေးနှင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ မြင့်တက်လာရသည်။

စင်စစ်အားဖြင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေး၊ ကာယ၊ ဉာဏ စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးသည် သား၊ သမီး၊ တူ၊ တူမ၊ မြေး၊ မြစ်အရွယ်များမှအစ အဖေ၊ အမေ၊ ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားများအထိ တစ်ဦးချင်း၊ တစ်ယောက်ချင်းအတွက် အထူးလိုအပ်ချက်ဖြစ်သည်။

လူတိုင်းလူတိုင်း ကာယ ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်နေပါလျှင် လူတိုင်းအတွက် **'ဘဝသည် နေပျော်ဖွယ်ရာ'** ဖြစ်နေပါလိမ့်မည်။ လူတစ်ယောက်စီ၊ တစ်ယောက်စီ ကျန်းမာကြံ့ခိုင်နေပါလျှင် လူမျိုးတစ်မျိုးလုံး၊ တိုင်းပြည်တစ်ပြည်လုံး၏ အနာဂတ်သည်လည်း တောက်ပခိုင်မာလာမည်။ ယင်းသို့သော ပစ္စုပ္ပန်ဘဝများ၊ အနာဂတ်ဘဝများကို ရရှိပိုင်ဆိုင်နိုင်ရန်အတွက် ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သူများဖြစ်ကြရမည်။

ကလေးဘဝက ကလေးလို ဆော့ကစားခဲ့ကြသူများသည် အရွယ်ရောက်လာသောအခါ၊ လူကြီးဘဝ ရောက်လာသောအခါ လူကြီးလိုကစားသင့်ကြသည်။ အနည်းဆုံး ကာယလှုပ်ရှားမှုပြုခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာရေးအတွက် မိမိဘဝတစ်သက်တာ စိတ်ချမ်းသာရေးကိုရယူနိုင်သည်။ ဝါသနာပါသူ၊ အချိန်ပေးနိုင်သူများအဖို့မူ နှစ်သက်ရာ အားကစားတစ်ခုခုကို ကစားခြင်းဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ ကိုယ်ခန္ဓာအချိုးအစားကျနမှုများကို ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။

"ဣတ္ထိ ရူပံ ဓနံ"

အမျိုးသမီးတို့၏အဆင်းသည် ဥစ္စာပင်ဖြစ်သည်ဟု ဆိုရိုးစကားရှိပါသည်။

ယနေ့ခေတ်တွင်မူ အဆင်းသာမက ကိုယ်ခန္ဓာအချိုးအစား ကျနလှပမှုသည်ပါ အမျိုးသမီးတို့၏ ဥစ္စာဖြစ်သည်။

ကျွန်မတို့ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုသည် လှတစ်မျက်နှာကိုသာမက ယဉ်တစ်ကိုယ်လုံးကိုပါ လှပယဉ်ကျေးစွာ ဖော်ပြနိုင်သည်။ အဘယ်မျှပင် ဂါဝန်တွေ၊ စကတ်တွေ၊ ဘောင်းဘီတွေ၊ အဝတ်အစားပုံစံမျိုးစုံတွေ ဆန်းလာပါစေ၊ ထွင်လာပါစေ မြန်မာအမျိုးသမီးများသည် ရိုးရာဝတ်စားဆင်ယင်မှုဖြစ်သော မြန်မာထဘီနှင့် မြန်မာခါးတိုအင်္ကျီကို လုံးဝပစ်ပယ်ကြမည်မဟုတ်ပါချေ။

မင်္ဂလာပွဲနေ့ပွဲထိုင် အခမ်းအနားများတွင် ဂုဏ်ကျက်သရေရှိစွာ ဆင်မြန်းရသော အမျိုးသားဝတ်စုံဖြစ်သောကြောင့်လည်းကောင်း၊ မိမိနိုင်ငံ၏ ရေမြေရာသီဥတုနှင့် ကိုက်ညီသောကြောင့်လည်းကောင်း မြန်မာဝတ်စုံကို ဝတ်ဆင်နေကြရဦးမည်ဖြစ်သည်။ ဤသို့ ကိုယ်နေဟန်ထားကို ဖော်ပြနိုင်သော မြန်မာအဝတ်အစားနှင့် ဆီလျော်လိုက်ဖက်အောင် မြန်မာအမျိုးသမီးများသည် ကိုယ်ခန္ဓာအချိုးအစားကျနမှုကို ဂရုစိုက်သင့်ကြသည်။ ကာယလှုပ်ရှားအားကစား၍ ကိုယ်ခန္ဓာအလှကို ထိန်းသိမ်းကြခြင်းဖြင့် မိန်းမတို့၏ ကိုယ်ပိုင်ဥစ္စာ အစစ်အမှန်ဖြစ်သော အလှတရားကို ပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

မြန်မာအမျိုးသမီးများအားလုံးသည် အားကစား၏ အနှစ်သာရနှင့် တန်ဖိုးကို ဦးနှောက်ထဲ၊ ရင်ထဲတွင် စွဲစွဲမြဲမြဲ သိရှိကြပြီး မိမိတစ်ကိုယ်ချင်း ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးရေးတို့အတွက် ကာယလှုပ်ရှား အားကစားများ ပြုလုပ်ရမည်။

ထို့ပြင် အရေးအကြီးဆုံးမှာ သားသမီးများ၊ တူ၊ တူမများ၊ တပည့်၊ သားမြေးများကို အားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားလှုပ်ရှားမှုများအတွင်းသို့ ပို့ဆောင်ပေးနိုင်သူများ ဖြစ်လာကြရမည်။

ကလေးများအား စာသင်ချိန်၊ စာကျက်ချိန်နှင့် ကစားချိန်ကို ခွဲဝေမျှတပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော၊ ဉာဏ်ရည်ထက်မြက်သော အနာဂတ်၏ သားကောင်းရတနာလေးများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ကြပါလိမ့်မည်။

ကျွန်မတို့ မြန်မာအမျိုးသမီးများသည် အမေလည်းဖြစ်သည်။ အဒေါ်လည်းဖြစ်သည်။ ကျောင်းဆရာမအလုပ်ကို အလွန်လုပ်ကြသောကြောင့် ဆရာမများလည်း ဖြစ်ကြသည်။

မြန်မာ့လူဘောင်တွင် အမေနှင့်သားသမီးများသည် အလွန်နွေးနွေးထွေးထွေး ဆက်ဆံကြသည်။ အဒေါ်နှင့်တူ တူမများ အကြားတွင်လည်း အလွန်ရင်းနှီးသော လူမှုဆက်ဆံရေးရှိသည်။ ဆရာ ဆရာမများနှင့် တပည့်များသည်လည်း လေးစားမှု၊ ကြင်နာမှု အပေးအယူရှိကြသူများ ဖြစ်သည်။

အမေ၊ အဒေါ်၊ ဆရာမများဖြစ်သည့် မြန်မာအမျိုးသမီးများသည် သားသမီးများ၊ တူ တူမများ၊ တပည့်ကျောင်းသား ကျောင်းသူများနှင့် အစဉ်အမြဲ ထိတွေ့နေကြသူများ၊ ပြောဆိုဆက်ဆံနေကြသူများ ဖြစ်ကြသည်။

သို့ကြောင့် အားကစားအသိပညာရှိသော မြန်မာအမျိုးသမီးထု၏ စွမ်းဆောင်ရည်ဖြင့် အနာဂတ်နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အနာဂတ် မြန်မာ့လူသားအရင်းအမြစ်များ၏ စွမ်းရည်ဖွံ့ဖြိုးမှု၊ အနာဂတ် မြန်မာပြည်သူများ၏ ကျန်းမာကြံ့ခိုင်မှုတို့ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

အမျိုးသမီးထုတစ်ရပ်လုံး ကာယ၊ ဉာဏ၊ စာရိတ္တကြံ့ခိုင်ကျန်းမာရေး၊ ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ တိုးတက်ထွက်ပေါ်လာစေရေးအတွက် မိခင်ဖြစ်သော၊ ဒွေးတော်မိကြီးများဖြစ်သော၊ ဆရာမ ကြီး၊ ငယ်၊ ရွယ်၊ လတ်များဖြစ်သော မြန်မာအမျိုးသမီးတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်းကြပါစို့။

ညအခါ လသာသာတွင် ဖန်တို့ရင်း၊ စိန်ပြေးရင်းဖြင့် စခဲ့ကြသော ကိုယ်လက်လှုပ်ရှား အားကစားကို **'ကစားရွယ်ငယ်ကထဲက စွဲတဲ့အချစ်'** အဖြစ်ဖြင့် ပြန်လည်ဆန်းသစ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

အမျိုးသမီးများ အားကစားဖြင့်၊ စွမ်းအားမြှင့်တင်ကြပါစို့။ ။

အောက်တိုဘာ ၁၆ ရက်က မှော်ဘီမြို့နယ် ဝါးနက်ချောင်း ကျေးရွာအုပ်စုအတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးယဉ်ထွေးက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။

(က-ပ)

အောက်တိုဘာ ၁၉ရက်က သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်ရုံး စုရပ်၌ အစုလိုက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးနေဝင်းနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

(ဝ၅၂)

ပုဂံ၌ပညာရေးဝန်ကြီးဌာန ကထိန်သင်္ကန်းလှူဒါန်းပွဲကျင်းပ ဝန်ကြီးများနှင့်ဆရာဆရာမများ တက်ရောက်ကပ်လှူပူဇော်

ရန်ကုန် အောက်တိုဘာ ၂၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ညောင်ဦး မြို့နယ် ပုဂံမြို့ သဗ္ဗညုဘုရားအနီးရှိ သဗ္ဗညုကျောင်းတိုက်၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန ကထိန်သင်္ကန်း ကပ်လှူပွဲနှင့် ပုဂံမြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်း အတွင်း၌ ကျင်းပသော ပုဂံဘုရားအမှတ်(၃၁၂၉) ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲသို့ တက်ရောက်ကပ်လှူပူဇော်သည်။

ပညာရေးဝန်ကြီးဌာနကထိန်သင်္ကန်း ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာ တင်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်း ပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးသန်းရွှေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သမ ဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ် စိုးဝင်းမောင်နှင့် ဦးမျိုးညွန့်၊ ရန်ကုန် မြို့တော် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီး မောင်ပါ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မန္တလေးတိုင်းနှင့် မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ တာဝန်ရှိသူများ၊ မန္တလေး တိုင်းနှင့် မကွေးတိုင်းမှ တိုင်းပညာ ရေးမှူးများ၊ညောင်ဦး၊ချောက်၊ဆိပ်ဖြူ နှင့်ကျောက်ပန်းတောင်းမြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ညောင်ဦး မြို့နယ်မှ အခြေခံပညာကျောင်းအုပ် ကြီးများနှင့် ဆရာ ဆရာမများ တက် ရောက်ကြသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများက သံဃာတော်များအား ပညာရေးဝန်ကြီး ဌာနကလှူဒါန်းသော ကထိန်လျာ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ နှင့်အလှူငွေကျပ် ၂၂ သိန်းကို လှူဒါန်း ကြသည်။ ယင်းနောက် ပညာရေး ဝန်ကြီးဌာနက သဗ္ဗညုကျောင်းတိုက် အတွက် နဝကမ္မအလှူ ငွေကျပ် ၁၀ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချအမျှပေးဝေကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ပညာရေးဝန်ကြီးဌာန ပုဂံဘုရား အမှတ်(၃၁၂၉) စေတီတော်မြတ်ကြီး အား ဗုဒ္ဓါဘိသေက အနေကဇာတင် လှူပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ရက် နံနက် ၁၁ နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီးအနီးရှိ မင်္ဂလာ မဏ္ဍပ်၌ကျင်းပသည်။

ထို့နောက် သံဃာတော်များက ပုဂံ ဘုရားအမှတ်(၃၁၂၉) စေတီတော်မြတ် ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူတော်မူကြသည်။

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ နှင့် အလှူငွေကျပ် ၂၆ သိန်းကို ဆက် ကပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ပုဂံဘုရား အမှတ်(၃၁၂၉) စေတီတော်မြတ်ကြီး အတွက်အလှူငွေပဒေသာပင်ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ပုဂံမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေပေါ်က လက်ခံယူသည်။

ဆက်လက်၍ညောင်ဦးမြို့ဂူကျောင်း ဆရာတော် ဘဒ္ဒန္တ ဇာဂရက လှူဒါန်းမှု အစုစုအတွက် အနုမောဒနာ တရားနှင့် ရေစက်ချတရားချီးမြှင့်တော်မူသည်။

(သတင်းစဉ်)

● ကျောက်မျက်ရတနာမှ

(Gems Trading Center)တွင် မြန်မာ့ ကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်းအနေဖြင့် မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်၊အကောက် ခွန်ဦးစီးဌာနတို့အပြင် အခြား သက် ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်း ပြီးရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ ခြင်းများကို သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံ တော်အကျိုး၊ နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များအကျိုးအတွက် သီးခြားအစီအစဉ်ဖြင့် ကျောက်မျက် ရတနာရောင်းချပွဲများ တိုးချဲ့ကျင်းပ ရန်နှင့် ရတနာပြပွဲ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက် ရတနာရောင်းဝယ်ရေးဌာန (Gems Trading Center)၌ ကျောက်မျက် ရတနာများ ရောင်းချခြင်းများကို တိုးချဲ့ ဆောင်ရွက်ရန် စီမံဆောင်ရွက် လျက်ရှိကြောင်းနှင့်နိုင်ငံသား ကျောက် မျက်ရတနာလုပ်ငန်းရှင်များ အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၁၈ ရက်က အထက(၁)သာကေတ ကျောင်းခန်းမ တွင် သာကေတမြို့နယ် ကြက်ခြေနီအသင်း ရှေးဦးပြုစုနည်း အခြေခံ အဆင့် သင်တန်းဆင်းပွဲပြုလုပ်ရာ စည်းကမ်းအကောင်းဆုံးဆုရ အလက (၈)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းလဲ့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမောင်မောင်မြင့်က ဆုချီးမြှင့်စဉ်။ (၂၅၈)

▼ ယူရိုငွေမှ

ယူရို တန်ဖိုးငွေ ၁၅၁၉၀၈၉၄ တန်ဖိုးရှိသည့် ကျောက်စိမ်း၊ ကျောက် မျက်၊ ပုလဲအတွဲ စုစုပေါင်း ၄၃၆တွဲကို ရောင်းချခဲ့ရသည်။ ထို့ပြင် ပုံသေ ဈေးနှုန်းဖြင့်ရောင်းချသော ယူရိုတန်ဖိုး ငွေ ၃၀၃၆၁ တန်ဖိုးရှိသည့် ကျောက် စိမ်းရုပ်တု ရုပ်ထွင်းများ၊ လက်ဝတ် ရတနာများ၊ ကျောက်စိမ်း၊ ကျောက် မျက် အပါအဝင် ရောင်းချရငွေပေါင်း မှာ ယူရိုတန်ဖိုးငွေ ၁၅၂၂၁၂၅၅ ဖြစ် သည်။

နှစ်လယ်ကျောက်မျက်ရတနာပြပွဲကို ပြည်ပနိုင်ငံပေါင်း ကိုးနိုင်ငံ၊ ကုမ္ပဏီ ပေါင်း ၁၇၆ ခုတို့မှ ရတနာကုန်သည် ၄၅၇ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၄၆ ခုမှ နိုင်ငံသားရတနာကုန်သည် ၃၈၁ ဦး၊ စုစုပေါင်း ရတနာကုန်သည် ၈၃၈ဦး တက်ရောက်ပြီး ကျောက်မျက်ရတနာ များကို ယှဉ်ပြိုင်ဝယ်ယူခဲ့ကြသည်။

(သတင်းစဉ်)

အင်းစိန် အမက(၈)မှ ကျောင်းသားကျောင်းသူများ အာဟာရဖြစ်စေရန် ဒုတိယတန်းကျောင်းသူ မအိအိမွန်က (၇)နှစ်မြောက်မွေးနေ့အဖြစ် စက်တင်ဘာ ၂၉ရက်က ကြက်သားဆန်ပြုတ်တိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးနှင့်ဆရာမများက တိုက်ကျွေးစဉ်။ (က-ပ)

စာမျက်နှာ ၃ မှ

ရှေးဦးစွာ ပညာရှင်အဆင့်(အမျိုး သား) ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးစိန်အောင်မိုးနှင့် အဖွဲ့၊ ပဲခူးတိုင်းမှ ဦးမြတ်ဇင်အောင်(ခ) မြအောင်နှင့်အဖွဲ့၊ မကွေးတိုင်းမှ ဦးတင်ဝင်းအောင်နှင့်အဖွဲ့၊ ဧရာဝတီ တိုင်းမှ ဦးသန်းကျော်ဇောနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးစိန်ဝင်းမြိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်နှင့် အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ဝင်းနိုင် ထွန်း(ခ)နဂါးပျံစိန်ဝင်းနိုင်နှင့် အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ဝင်းမြင့်နှင့် အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးစိန်သန်း မြင့်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြပြီး နံနက် ပိုင်းအစီအစဉ်ကို ညနေ ၃ နာရီ ၂၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ညနေ ၃ နာရီ မိနစ် ၅၀ တွင် အခြေခံပညာအဆင့် အသက် (၁၅- ၂၀)နှစ် အမျိုးသားဆိုင်း(အဖွဲ့လိုက်) အတီးပြိုင်ပွဲကို ဆက်လက် ကျင်းပရာ မန္တလေးတိုင်းမှစိန်ပေါက်တူးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦး နှင့်အဖွဲ့၊ မန္တလေးတိုင်းမှ မောင်ဗိုလ် မြင့်နိုင်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းမှမောင် စတားဗိုလ်ထက်နှင့်အဖွဲ့၊ ရန်ကုန် တိုင်းမှ မောင်လင်းထက်ထက်ဦးနှင့် အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ မောင်မြတ် ဇော်နှင့်အဖွဲ့တို့ ပြိုင်ပွဲဝင်ကြသည်။

ယနေ့ကျင်းပသည့် ဆိုင်း (အဖွဲ့ လိုက်) ပြိုင်ပွဲများကို အတီးအကဲ ဖြတ်လုပ်ငန်း အဖွဲ့ဝင် ဦးစိန်စတင်း နှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အကဲ ဖြတ် အမှတ်ပေးကြသည်။

(သတင်းစဉ်)

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွေးခံအိတ် ၁၀၀၀ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၂

Korea International Co., Operation Agency (KOICA) က ငွေကျပ်သိန်း ၃၀ ခန့်တန်ဖိုးရှိ သွေးခံအိတ် ၁၀၀၀ ကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည် သူ့ဆေးရုံကြီးသို့ လာရောက်လှူဒါန်း သည်။

ရှေးဦးစွာ KOICA မှ Ms. Sook Hee Baek က သွေးခံအိတ်လှူဒါန်း ရခြင်းအကြောင်း ရှင်းလင်းပြောကြား ပြီး သွေးခံအိတ် ၁၀၀၀ ကို ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူ ဌာနသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ကြီး ဒေါက်တာတိတ်ဝမ်ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၂

နယူးအာရှသင်တန်းကျောင်း၌ အခြေခံယာဉ်မောင်းနှင့် စက်ပြုပြင် ထိန်းသိမ်းခြင်းသင်တန်းအတွက် တစ်လပုံမှန်သင်တန်းနှင့် ၁၀ရက် အမြန်သင်တန်း(Short Course)၊ စက်ပြင်အထူးသီးသန့်နှစ်လသင်တန်း၊ အဲယားကွန်းနှင့် ရေခဲသေတ္တာပြုပြင် ခြင်းတစ်လသင်တန်း၊ လျှပ်စစ်ဂဟေ ဆက်ခြင်း တစ်လသင်တန်းများကို ဝါရင့်ကျွမ်းကျင်ဆရာ ဆရာမများဖြင့် တစ်ဦးချင်းစာတွေ့သင်ကြားပို့ချလျက် ရှိသည်။

သင်တန်းအမှတ်စဉ်(၄၉)ကို နိုဝင် ဘာ၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အမှတ်၉၅၃၊ ရွှေနှင်းဆီလမ်း စမိုင်ခွဲ (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်၊ ဖုန်း-၆၆၁၈၀၇သို့ ဆက်သွယ်နိုင်သည်။ **(က-ပ)**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၃နာရီတွင် ပြည်ထဲ ရေးဝန်ကြီးဌာန မူးယစ်ဗဟိုနှင့်မူးယစ် ဆေးဝါးပပျောက်ရေးဌာန အစည်း အဝေးခန်းမ၌ကျင်းပရာ တားဆီးနှိမ် နင်းရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဖိတ် ကြားထားသူများ တက်ရောက်ကြ သည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက အမှာစကား ပြောကြားရာတွင် ၂၀၀၃ခုနှစ် အောက် တိုဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် ASOD အစည်းအဝေးနှင့် အောက် တိုဘာ ၁၆ရက်တွင် ACCORD အစည်းအဝေးများပြုလုပ်ခဲ့ရာ မြန်မာ နိုင်ငံတွင် ဘိန်းအစားထိုးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်သည်ကို အစည်းအဝေးတက်ရောက်လာသူများ အား ပြသနိုင်ခဲ့ကြောင်း၊ အဆိုပါ ACCORD အစည်းအဝေးတွင် ဆုံးဖြတ်ချက် နှစ်ရပ်ချမှတ်ခဲ့ကြောင်း၊ ဆုံးဖြတ်ချက်များမှာ တားဆီးနှိမ်နင်း ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်မီသော ဥပဒေ၊ နည်းဥပဒေများ ကို အသုံးပြုရန်နှင့်နယ်စပ်ဖြတ်ကျော် တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ယခင်ကထက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ရဲမှူး ကြီးခမ်းအောင်က UNODC, DEA တို့နှင့်ပူးပေါင်း၍ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်နိုင် ရေးအတွက် လာမည့်နိုဝင်ဘာလတွင် အစည်းအဝေး ကျင်းပရန်ရှိကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ အစည်းအဝေး ကို တောင်ကြီးမြို့၌ နိုဝင်ဘာလတွင် ကျင်းပ၍ မြန်မာ-တရုတ်နှစ်နိုင်ငံ အစည်းအဝေးကိုလည်း တာချီလိတ် မြို့တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေး တက် ရောက်လာကြသူများက သက်ဆိုင်ရာ ဌာနများအလိုက် ဆွေးနွေးတင်ပြကြ ရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက တင်ပြ ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီး ပဓာနမဟာနာယက ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂိသဆရာတော်သည် နိုဝင် ဘာ ၁ရက်တွင် ဘီလင်းမြို့နယ် သစ်တို ကျွန်းကျေးရွာ သစ်တိုကျွန်းကျောင်း တိုက်၌မဟာဘုံကထိန်ဝိနည်းတော်နှင့် အညီ လှူဒါန်းမည့်ပွဲတွင် နိဗ္ဗာန်ရောက် ကြောင်းတရား ဟောကြားမည်ဖြစ် ကြောင်း သိရသည်။ **(က-ပ)**

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင် ပန်းအလှခုံများနှင့်အရိပ်ရပင်များ ထုံး၊ ဆေးသုတ်ခြင်း၊ လမ်းဘေး ဝဲယာပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်မျိုးကျော်တို့က ကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်္ဂလိပ်စာသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၂

အင်္ဂလိပ်စာ အပြော၊ အဖတ်၊ အရေး IQနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ကျောင်းဝင်ခွင့်သင် တန်းမှ ဆရာ(သချ်ာ)ဦးအောင်သင်း နှင့် အတွေ့အကြုံရင့် ဆရာများဦးစီး ၍ GCE, PSC, DA သူနာပြု သင်တန်း၊ လေယာဉ်မောင်၊ လေယာဉ် မယ်ဝင်ခွင့်များနှင့် အခြားဝင်ခွင့်ဆိုင် ရာ သင်တန်းများအတွက် သင်ကြား ပေးမည်ဖြစ်ရာ အမှတ် ၁၀၂၊ ၃၇လမ်း (အောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၂၅၀၁၃၅ သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်မှုနှင့် လေယာဉ်အကြီးစားပြုပြင်မှု ပို့ဆောင်ရေးဝန်ကြီး ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံရှိ မြန်မာ့လေကြောင်း စက်မှုဌာနသို့ ရောက်ရှိပြီး အကြီးစား ပြုပြင်မွမ်းမံလျက်ရှိသော မြန်မာ့လေကြောင်းပိုင် ဂျက်လေယာဉ် ဖော်ကာ XY-AGB ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုးနှင့် တာဝန်ရှိသူများက လေယာဉ်၏အင်ဂျင်များ တပ်ဆင်ပြီးစီးမှုအခြေအနေနှင့် လေယာဉ်အတွက်လိုအပ်သော စက်အရန်ပစ္စည်းများရရှိမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ဝန်ကြီးက ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ ခရီးသည်များပြားလာသည့်အတွက် လေယာဉ်ကို ခရီးစဉ်များ အမြန်ဆုံးပုံသန်းပြေးဆွဲနိုင်ရန် အားကြိုးမာန်တက်ဆောင်ရွက်ကြရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာဦးမောင်ကြေးက ဘိုးပိုင်တိုင်များတူးပြီးသည့် အခြေအနေ၊ ဆက်လက်တူးရမည့် အစီအမံများ၊ မြေသားလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ၊ လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများ စီမံကိန်းကာလအတွင်း ပြီးစီးရေးနှင့် နိုင်ငံတကာအဆင့်မီလေဆိပ်ကြီးအဖြစ် စံချိန်မီ တည်ဆောက်သွားကြရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ဘိုးပိုင်တိုင်တူးစက်များ လုပ်ငန်းဆောင်ရွက်နေမှု၊မြေသားလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ဘိုးပိုင်တိုင် လုပ်ငန်းတွင် အသုံးပြုမည့် ကွန်ကရစ်ခံနိုင်ရည် စမ်းသပ်ထားသည့် ကွန်ကရစ်တုံးများ၊ ပိုင်တိုင်အတွက် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်းရှိ အပန်းဖြေပန်းခြံ တည်ဆောက်မည့်မြေနေရာ ရှင်းလင်းပြီးစီးမှုအခြေအနေ၊ ရှုခင်းသာ ပန်းအလှပင်များ စိုက်ပျိုးရန် မြေပြုပြင်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေး ယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့(ရုံးချုပ်) မိသားစုများ၏ (၂၁)ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်နေ့က ရုံးချုပ်ခန်းမတွင်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်လေး(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးဘိုးစံတို့က ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၉)

သထုံရှိတာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ စက်မှု(၂)ဝန်ကြီး ကြည့်ရှုစစ်ဆေး၊ လုပ်ငန်းဆိုင်ရာမှာကြား

ရန်ကုန် အောက်တိုဘာ ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မွန်ပြည်နယ် သထုံမြို့နယ် အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ(သထုံ)မှ တာဝန်ရှိသူများ ကုန်ထုတ်လုပ်မှုညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ၂၀ရက် နံနက်ပိုင်းတွင် တက်ရောက်ရာ မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးစွန်းနှင့် စက်ရုံအထွေထွေမန်နေဂျာ ဦးမြင့်နိုင်တို့က ကုန်ကြမ်းပစ္စည်းများရောက်ရှိမှုအခြေအနေ၊ တာယာထုတ်လုပ်မှု အခြေအနေနှင့် စက်ပစ္စည်းသစ်များရောက်ရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ကုန်ကြမ်း ပစ္စည်းရောက်ရှိမှုအပေါ်တွင်မူတည်၍တာယာများ အဆက်မပြတ်ထုတ်လုပ် သွားရေး၊ အရည်အသွေးကောင်းမွန်ပြီး ဈေးကွက်တွင် အသုံးလိုသော တာယာများ ဦးစားပေးထုတ်လုပ်ရေး၊ စနစ်တကျစာရင်းများပြုစုထားရှိပြီး စနစ်တကျထုတ်ယူသုံးစွဲရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၁)တာယာနှင့်ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံအတွင်းအသစ် တပ်ဆင်ပြီးစီးသည့် တာယာပလိုင်ဖြတ်သည့် စက်များ၊အကြီးစားကုန်တင်ယာဉ်တာယာပတ်စက်များ၊အပေါ့စားကုန်တင်ယာဉ်တာယာပတ်စက်များကိုလည်းကောင်း၊ ထပ်မံရောက်ရှိလာသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာပတ်သည့် စက်နှင့် တာယာပေါင်းသည့် စက်များကိုလည်းကောင်း၊ စက်ရုံမှထုတ်လုပ်ထားသည့် တာယာအမျိုးမျိုးကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ထပ်မံရောက်ရှိလာသည့် စက်သစ်များ အမြန်တပ်ဆင် လည်ပတ်ရေး၊ တာယာများကိုကုန်ကြမ်းရောက်ရှိမှု အခြေအနေပေါ်မူတည်၍ အဆက်မပြတ် ထုတ်လုပ်သွားရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၂၂

ပုသိမ်အသင်း(ရန်ကုန်)က ပုသိမ်ဌာနေမှ ရန်ကုန်မြို့တွင် အခြေချကျောင်းထိုင်လျက်ရှိသော မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် လေးမျက်နှာကျောင်း ဆရာတော် ဦးဣန္ဒက ကျောင်းအား ကထိန်လျာသင်္ကန်း လှူဒါန်းရန် အမှတ် ၂၀၂-၂၁၄ (ပထမထပ်) အခန်း၁၂/၁၃ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ ပုသိမ်အသင်းရုံးခန်းတွင် ကထိန်လျာသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ပုသိမ်အသင်းရုံးခန်းသို့ ကြွရောက်ကြရန်နှင့် ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း-၀၉-၅၀၀-၂၉၂၅၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀-၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

မဟာဇနက ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ စစ်ကိုင်းတိုင်းသဘင်ပညာရှင်များ ပါဝင်ယှဉ်ပြိုင်

ရန်ကုန် အောက်တိုဘာ ၂၂

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ မဟာဇနကရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲ အစီအစဉ်ကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်းမှ သဘင်ပညာရှင်များ၏ မဟာဇနကဇာတ်တော်ကြီးအဖွဲ့က ပါဝင်ယှဉ်ပြိုင်သည်။

အဆိုပါပြိုင်ပွဲသို့ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး နာယကအဖွဲ့ဝင်များဖြစ်ကြသော ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီး ရန်နိုင်ဦး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများ၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်အနုပညာရှင်ကြီးများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားကြသော ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ယနေ့ည ပါဝင်ယှဉ်ပြိုင်သော စစ်ကိုင်းတိုင်းမှ သဘင်ပညာရှင်များ၏ မဟာဇနကဇာတ်တော်ကြီးအဖွဲ့တွင် ရုပ်သေးကြိုးဆွဲပညာရှင်များဖြစ်ကြသည့် ဦးလင်းထင်နှင့် အဖွဲ့က ဆို-ငို-ပြောပညာရှင် ဦးအောင်ဌေးမြင့် အဖွဲ့နှင့် ဇာတ်ပို့ဆိုင်းအဖွဲ့ ဦးစိန်လှမြိုင်တို့နှင့် တွဲဖက်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်သေးကြိုးဆွဲအနုပညာရသမြောက်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ မဟာဇနက ရုပ်သေးဇာတ်တော်ကြီးပြိုင်ပွဲ တတိယနေ့ အစီအစဉ်များကို အောက်တိုဘာ ၂၃ ရက် ညပိုင်းတွင် အမျိုးသားဇာတ်ရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်း တော်ဝင်ရုပ်စုံသဘင်အဖွဲ့က ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

မဟာသတင်းဂျာနယ်ဖြန့်ချိ



ရန်ကုန် အောက်တိုဘာ ၂၂

မဟာသတင်းဂျာနယ် အတွဲ(၂)၊ အမှတ်(၈)တွင် စွန်ရဲ၏ တွေ့ကြုံခဲ့ရလူ့ဘဝ(၄၂)၊ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ နွေအတွေးများ၊ ငွေကြည်၏ ပန်းချီဆရာကြီး ဦးဉာဏ်ရှိန် ဆောင်းပါးတို့နှင့်အတူ ပါဝင်နေကျကဏ္ဍများ၊ ပြည်တွင်းပြည်ပအနုပညာသတင်းနှင့်အားကစားသတင်းများ ပါဝင်သည်။ **(က-ပ)**

လှိုင်သာယာမြို့နယ် ရွှေပြည်သာ တံတားလမ်းနှင့် ကံ့ကော်လမ်းကြားတို့တွင် အထူးသန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဌေးနှင့် တာဝန်ရှိသူများ စက်တင်ဘာ ၂၇ ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(၁၈၀)

သစ်တောဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဒုတိယဝန်ကြီးတက်ရောက်၍ ဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဘုရင့်နောင်လမ်းမကြီး့ကုန်းသစ်တောဦးစီးဌာနရုံးချုပ်ဝင်းတောင်ဝင်ခန်းမ၌ကျင်းပရာသစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက သစ်တောမူဝါဒ(၆)ချက်နှင့်အညီ လုပ်ဆောင်ကြရန်နှင့် ကျွန်းအထူးစိုက်ခင်း၊ ရေဝေရေလဲ စိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းများ အောင်မြင်ရေး၊ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများထူထောင်ရေးနှင့် တရားမဝင် သစ်ထုတ်မှုများ လျှော့နည်းပပျောက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၁၂ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ၊ မြို့တွင်း လမ်းဘေးဝဲယာတွင် ပန်းအလှပင်စိုက်ပျိုးထားရှိမှု၊ အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(၅)ကြိမ်မြောက်နိုင်ငံတော်မြို့ပြများအားကစားပွဲတော် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီးပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၂၂ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ် ချန်ဆားမြို့၌ ကျင်းပခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၅)ကြိမ်မြောက် နိုင်ငံတော်မြို့ပြများ အားကစားပွဲတော်သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးကိုလေး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါက်တာသန်းညွန့်၊အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစား အဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Mr. Li Jinjun နှင့် သံရုံးအဖွဲ့ဝင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက် အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

■ **ရန်ကုန်-မန္တလေးမှ**

တိုက်နယ်ဆေးရုံခန်းမ၌ တာဝန်ခံတိုက်နယ်ဆရာဝန် ဒေါက်တာစိုင်းပန်းအုံက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုက်နယ်အတွင်းရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်ကြရန်နှင့် တိုက်နယ်ဆေးရုံအတွင်း နှစ်ရှည်စားသုံးသီးနှံပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မင်းစုစံပြကျေးရွာတယ်လီဖုန်းစခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းစုစံပြကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်းခွဲသို့ ရောက်ရှိကြသည်။ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာကြီး ဦးရန်နိုင်အောင်ကရှင်းလင်းတင်ပြရာ မြို့နယ်ပညာရေးမှူး ဦးမြသိန်းကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး လိုအပ်သည်များကိုပံ့ပိုးပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုနှင့် Language Lab Room၊ Computer Aided Instruction၊ Computer Skills Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိနေရှင်နယ်ပရဟိတဂေဟာ၊ ဘုန်းတော်ကြီးသင်ပရဟိတအခြေခံပညာ အလယ်တန်းကျောင်းသို့ရောက်ရှိကြပြီး နေရှင်နယ်ကျောင်းမှ သင်ကြားစီမံ ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တရေဝတ၊ ဘဒ္ဒန္တနေမိန္ဒနှင့် ဘဒ္ဒန္တပညာသာမိတို့အား ဖူးမြော်ကန်တော့ပြီး သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က နေရှင်နယ်ကျောင်းအတွက် အလှူငွေများကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်သားဒေသဖွံ့ဖြိုးရေးနှင့်ကျေးရွာချင်းဆက်လမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့နယ်ရှာခိုင်ကြီးကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရှာခိုင်ကြီးတွဲဖက် အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေများကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများ သီးနှံစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိသော ပြောင်းပြာရေပေးမြောင်းကို စက်ယန္တရားဖြင့် ပြန်လည်ပြုပြင် တူးဖော်နေမှုနှင့်ဒေသအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

စုပေါင်းမဟာဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာဈေးသူဈေးသားများ၏ ပဉ္စမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို ဈေးသာယာရေးကော်မတီက ကြီးမှူး၍ ဈေးရှေ့မင်္ဂလာမဏ္ဍပ်တွင် တန်ဆောင်မုန်းလဆန်း၇ရက်(အောက်တိုဘာ၃၁ရက်)တွင် ကျင်းပမည်ဖြစ်သည်။ ဗဟန်းမြို့နယ်အောင်မြေဘုံစံကျောင်း ကထိန်အလှူတော်မင်္ဂလာအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးနှင့် ပင့်သံဃာ၃၅ပါးတို့အား ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး အောက်တိုဘာ ၂၉၊ ၃၀၊ ၃၁ရက်များတွင် ကန္တာရဝတီ တေးသံစုံတီးဝိုင်း၊ မြန်မာပြည်ကျော်စိမ်း မင်္ဂလာဆိုင်းအဖွဲ့၊ ယုဇနပလာဇာမိသားစု၏ ခေတ်ပေါ်တေးဂီတတို့ဖြင့် ညှော့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

အထက(၅)အလုံ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

အလုံအထက(၅)ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၃ရက်(တနင်္ဂနွေနေ့)မွန်းတည့်၁၂နာရီတွင် အထက(၅)အလုံကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများသည် ကိုမြင့်သိန်း ဖုန်း-၇၀၈၀၈၇၊ ကိုဝင်းသူ ဖုန်း-၂၁၀၆၉၄၊ ကိုအေးကြည် ဖုန်း-၂၁၁၁၃၈၊ ကိုဇော်မြင့် ဖုန်း-၅၀၁၂၅၉၇၊၇၂၆၄၄၈၊မလှမျိုးနွယ် ဖုန်း-၂၂၆၀၆၃တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ပူဇော်ကန်တော့ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

အာဆီယံ+တရုတ်ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အာဆီယံ+ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ+တရုတ် ပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ (အောက်ပုံ)

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ မြန်မာ၊ စင်ကာပူ၊ ထိုင်းနှင့်

ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ဆောင်ရွက်ပြီး ပူးတွဲ သဘာပတိအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မစ္စဂူအို-မယ်တန်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၂၀၀၃ ခုနှစ် အောက်တိုဘာတွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ ၂၀၀၂ ခုနှစ် နိုဝင်ဘာတွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံနှင့် ၂၀၀၂ ခုနှစ် စက်တင်ဘာတွင် ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံ+တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့မှ ထွက်ပေါ်လာချက်များ၊ ဆုံးဖြတ်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ မူကြမ်းကို ဆွေးနွေးခြင်း၊ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စများအတွက် အမြင်ချင်းဖလှယ်ကြခြင်း၊ အာဆီယံ+တရုတ် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဆောင်ရွက်မည့် စီမံကိန်းသုံးခုအပေါ် ညှိနှိုင်း ဆွေးနွေးကြခြင်းနှင့် ဒုတိယအကြိမ် အာဆီယံ+တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကျင်းပရေးအတွက် အစီအစဉ်များအပေါ် နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ကြကာ အစည်းအဝေး မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ယင်းနောက် ဒုတိယအကြိမ် အာဆီယံ+ဂျပန် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံမှ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံမှ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ဆောင်ရွက်ပြီး ပူးတွဲ သဘာပတိအဖြစ် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် မစ္စတာမစ်ဆု အိုနာကာမိုတိုက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိမြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်ကြသူများက အာဆီယံ+ဂျပန် ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်ရာတွင် ဆွေးနွေးညှိနှိုင်းခဲ့သည့် ကုန်း၊ ရေ၊ လေနှင့် အခြားပူးပေါင်းဆောင်ရွက်မှု စီမံကိန်း ၁၆ ခု တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီချက်များချမှတ်ခဲ့ကြပြီး ပထမအကြိမ် အာဆီယံ+ဂျပန် ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ကျင်းပရေးအတွက် အစီအစဉ်များ အပေါ် နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ကြကာ အစည်းအဝေး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)



မင်းသိခ်၊လှမိုး(ပညာရေး)၊ ဆရာသက်လုံ၊ သုတေသီ ဆရာငြိမ်းနှင့် ဆရာမ စောယုနွယ်တို့၏ လက်ရာများ၊ ဂမ္ဘီရဆောင်းပါးများ ဝေဝေဆာဆာတင်ဆက်ထားသည့် အပတ်စဉ်ကြာသပတေးနေ့တိုင်းထုတ်ဝေသည့် ဂမ္ဘီရမြင်ကွင်းဂျာနယ် မျက်နှာဖုံး။ (က-ပ)

အင်္ဂလိပ်စာသင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၂

အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း (အထက်)၊ ခုံတံတားထိပ်၊ ဖုန်း-၂၈၆၈၇၁ ရှိ ဆရာဒွေးအင်္ဂလိပ်စာအရေးသင်တန်းက တီထွင်ပြုစုသည့် အခြေခံ အင်္ဂလိပ်ဝါကျများကို အဆင့်မြင့် ရေးတတ်စေသည့် နည်းသစ်စာအုပ် ပထမတွဲနှင့် ဒုတိယတွဲတွင် ဝါကျတစ်မျိုးစီကို သုံးဆင့်သင်နည်းစနစ်ဖြင့် ရှင်းပြထားသည်။ မြန်မာဝါကျပေါင်း ၄၀၀၀ ကျော်ထည့်သွင်းကာ ဝေါဟာရ ၅၀၀ ခန့်သိရှိရုံဖြင့် လေ့ကျင့်နိုင်အောင် စီစဉ်ထားသော အတန်းမရွေး အသုံးပြုနိုင်သည့် အရေးသင်နည်းသစ်စာအုပ်များကို တစ်နိုင်ငံလုံးရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

ထိုစာအုပ်များဖြင့် နိုဝင်ဘာလဆန်းတွင် ဖွင့်လှစ်သင်ကြားပေးမည့် အရေးသင်တန်းသို့ တက်ရောက်လိုပါက အထက်ပါလိပ်စာသို့ စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိရစ္ဆာန်ဆေးကုဆရာဝန် ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း နဝမအကြိမ် ညီလာခံကို အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ရက်တွင် ကမာရွတ်မြို့နယ် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတက်ရောက်မည့်တိရစ္ဆာန်ဆေးကုဆရာဝန် အသင်းဝင်များသည် အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် စိန်ရတုခန်းမ၌ အမည်စာရင်း မှတ်ပုံတင်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်ရေး စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မှာကြား

ရန်ကုန် အောက်တိုဘာ ၂၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီက ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအခြေအနေများကို တာဝန်ရှိသူများကတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး၊ လုံခြုံရေးနှင့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အလေအလွင့်နည်းပါးစေရေးတို့အတွက် ဆက်လက်ဆောင်ရွက်ရမည့်အစီအစဉ်များကို ချမှတ်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၃ ခုနှစ် ကာကွယ်ရေး ဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ၂၀ရက် နံနက် ၈ နာရီက မိတ္ထီလာမြို့ ခရိုင်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။ အစီအစဉ်အရ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မြေပြင်အတတ်သင်လေတပ်စခန်းအသင်းနှင့် အမှတ်(၁) တပ်ထိန်းတပ်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁)တပ်ထိန်းတပ်(လေ)အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုများကိုပေးအပ်ချီးမြှင့်ရာ ပထမနှင့် ဒုတိယ ရရှိသောအသင်းများမှ တစ်ဦးချင်းဆုများကို လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီးနောက် ပထမရရှိသော အမှတ်(၁)တပ်ထိန်းတပ်(လေ)အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ယာပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအား အောက်တိုဘာ ၁၄ ရက်က ရဲမွန်ဆောက်လုပ်ရေးမှ ဦးအောင်ကျော်ဆန်းက အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဘောလုံး တာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၏ ဇနီး ဒေါ်အေးအေးနှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေ၏ ဇနီး ဒေါ်ယဉ်ယဉ်မြတို့ကလက်ခံစဉ်။

(ဘောလုံးအဖွဲ့ချုပ်)

လှူမှုအဖွဲ့အစည်းအတွင်းက ခရီးသွားလုပ်ငန်းစာအုပ်

ရန်ကုန် အောက်တိုဘာ ၂၂

ခရီးသွားလုပ်ငန်း နယ်ပယ် အတွင်းမှ လူငယ်လူရွယ်များ အတွက် ရည်ရွယ်ထုတ်ဝေသည့် ငွေအောင်(ခရီးသွား)၏လူမှုအဖွဲ့ အစည်းအတွင်းက ခရီးသွား လုပ်ငန်းစာအုပ်ကို ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ် (၇၇/၉၁)ရှိ မြန်မာ့ခရီးသွား လုပ်ငန်း ပြန်ကြားရေးကောင်တာ နှင့် ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၄၀/၄၂)ရှိ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းကျောင်း တို့၌ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(က–ပ)**

သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၂

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်၌ အောက်တိုဘာ ၂၆ ရက်တွင် (၆၇)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ သွေးလှူရှင် များသည် အောက်တိုဘာ ၂၅ရက် နံနက်တွင် ကြိုတင်စာရင်းပေး သွင်းရန်နှင့် အလှူရှင်များလည်း လှူဒါန်းနိုင်သည်ဟု သိရသည်။ **(က–ပ)**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည့် အာရှကြက်တောင် အားကစားအဖွဲ့ချုပ် အထွေထွေညီလာခံ အစည်းအဝေးသို့တက်ရောက်ခဲ့သော မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အတွင်းရေးမှူး ဦးရော်ဘင်တင်တို့ကို တွေ့ရစဉ်။ (က–ပ)

စက်တင်ဘာ ၁၉ ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မြို့အဝင် လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

7 Day News ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၁)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာ့ရုပ်သံ ချယ်နယ်လိုင်း သစ်တစ်ခု မကြာမီလာမည်၊ ဖျော်ဖြေရေး ဦးစားပေးထုတ်လွှင့်မည်ဟုသိရပုဂံတွင်ပြောနိုင်သော ဂျီအက်စ်အမ် ညောင်ဦးမြို့အထိ ဆက်လက်တိုးချဲ့၊ကောလာဟလ မယုံဘဲ ကိုယ်တိုင်စုံစမ်းခြင်းက အကောင်းဆုံးဖြစ်၊ မော်တော်ယာဉ်အဝယ်ခွန်ကိစ္စများ အခွန်ရုံးများတွင် စုံစမ်းကြ၊ မြန်မာ–အိန္ဒိယ–ထိုင်း သုံးနိုင်ငံဖြတ် အဝေးပြေးလမ်းမကြီး ငွေကြေးရန်ပုံငွေကိစ္စများဆွေးနွေးရန်သာ ကျန်ရှိ စသည့်ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။ **(အပေါ်ပုံ)**

တရုတ်နိုင်ငံ၏ နတ်ရထား အမှတ် (၅) လူတင်ဆောင်လျက် မိုးပေါ်တက်ခဲ့၊ အမေရိကန်စစ်ကြောင့် အီရတ်ပြည်သူ ၁၂သန်းခန့် အလုပ်လက်မဲ့ဖြစ်၊ ပေါင်ချိန်တစ်ထောင်စီးသော ရွှေဖရုံသီးကြီး၊ ကမ္ဘာ့ချန်ပီယံဆု ဆွတ်ခူးစသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားသတင်းစုံလင်စွာဖြင့် e-Empire Media ဖုန်း–၇၀၃၈၁၃က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ **(က–ပ)**

အာရှလူငယ်(ယူ–၂၀)ခြေစစ်ပွဲ မြန်မာလူငယ်က ဘရူနိုင်းကိုနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

အာရှလူငယ် အသက်(၂၀) အောက် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ ဒုတိယပွဲစဉ်ကို ယမန်နေ့ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့၌ဆက်လက်ကျင်းပရာ မြန်မာလူငယ်က ဘရူနိုင်းလူငယ်ကို ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးများကို မျိုးမင်းထွန်း၊ အောင်ဇော်မျိုး၊ ဘိုဘိုအောင်၊ အေးမင်းထွန်းနှင့် စည်သူဝင်းတို့က တစ်ဂိုးစီသွင်းယူသည်။ ဘရူနိုင်းအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို မြန်မာလူငယ်အသင်းက ငါးဂိုးသွင်းပြီးမှ ပြန်သွင်းယူခြင်းဖြစ်သည်။

အောက်တိုဘာ ၁၉ ရက်က ယှဉ်ပြိုင်ကစားသော မြန်မာလူငယ်နှင့် ဗီယက်နမ်လူငယ် ပွဲစဉ်တွင် ဗီယက်နမ်လူငယ်က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အောက်တိုဘာ ၂၃ ရက်တွင် ဗီယက်နမ်လူငယ်နှင့် ဘရူနိုင်းလူငယ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အာရှဖလားခြေစစ်ပွဲ ဒုတိယအကျော့ ဘာရိန်းနှင့်အီရတ် ပွဲဦးထွက်နိုင်

ရန်ကုန် အောက်တိုဘာ ၂၂

အာရှဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စု(စ)ဒုတိယအကျော့ ခြေစစ်ပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်က ဘာရိန်းနိုင်ငံ၌ ကျင်းပရာ ပထမပွဲစဉ်တွင် အီရတ်အသင်းက မလေးရှားအသင်းကို ငါးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ဘာရိန်းအသင်းက မြန်မာအသင်းကို လေးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပထမအကျော့ပွဲစဉ်များကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ရာ အီရတ်နှင့် မလေးရှား ဂိုးမရှိသရေကျပြီး ဘာရိန်းက မြန်မာကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(မြန်မာ့အလင်း)**

ဥရောပချန်ပီယံဖလားဘောလုံးပြိုင်ပွဲအနိုင်အရှုံး

ရန်ကုန် အောက်တိုဘာ ၂၂

အန်ဒါလက်ချ်	၁	–	၀	ဆဲလ်တစ်
လိုင်ယွန်	၁	–	၁	ဘိုင်ယန်မြူးနစ်
လိုကိုမိုးတစ်	၃	–	၀	အင်တာမီလန်
ဒီနာမိုကီးယက်ဖ်	၂	–	၁	အာဆင်နယ်
ဒီပိုတီဗို	၁	–	၀	မိုနာကို
အေအီးကေ	၀	–	၁	အိုင်ဟိုဗင်
ဂါလာတာဆာရေး	၁	–	၀	အိုလံပီယာကော့စ်
ဂျူဗင်းတပ်	၄	–	၂	ရီးယဲဆိုစီဒက်

(က–ပ)

ဟိုပင်နှင့်ဖားကန့်၌ ဘိန်းဖြူနှင့်ဘိန်းမည်းများဖမ်းမိ

ရန်ကုန် အောက်တိုဘာ ၂၂

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက်က မိုးညှင်းမြို့နယ် ဟိုပင်မြို့၊တကွင်းကျေးရွာ၊အမှတ်(၁၀)ရပ်ကွက်နေ ဦးလောဟိန်း၏သမီး ဒေါ်မအေး၏နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ရောင်စုံဆပ်ပြာခွက် ၁၇ ခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူ ဝ ဒသမ ၂၁၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်းအား စစ်ဆေးမေးမြန်းချက်အရ ပိုင်ရှင်ဖြစ်သူ တစ်ရပ်ကွက်တည်းနေ ဦးလောစီ၏သမီး မရှမ်းပု(ခေါ်)မအေးဟွမ်အား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာ ၂၈ ရက်တွင် အလားတူ ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ အုပ်စု၊ သာယာကုန်းရွာ၊ အိမ်အမှတ်(အေ–၉၄)နေ ဦးမခေါ်တူး၏သား ဦးမခေါ်ဂမ်၏နေအိမ်သို့ သတင်းအရဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင်ဦးမခေါ်ဂမ်နှင့် ယင်း၏ဇနီးဖြစ်သူ ဒေါ်လုရွယ်တို့နှစ်ဦးအား ရောင်စုံဆပ်ပြာခွက် ၃၁ ခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူ ဝ ဒသမ ၄၁၁ ကီလို၊ ဘိန်းမည်းသုံးထုပ် (အလေးချိန် ၅ဒသမ၇၁၅)ကီလိုတို့ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးစိုးဝင်း(UNHCR)–ဒေါ်သန်းသန်းလှိုင်တို့၏တစ်ဦးတည်းသောသား

မောင်စိုးဝင်းလှိုင်

(Dip in Business Administration)

(ခေတ္တ–အင်္ဂလန်)

နှင့်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ ဦးမောင်မောင်အေး(Chief Officer-FG)–ဒေါ်မြမြဝင်း(မန်နေဂျာ၊ ကုန်သွယ်၊ဆေး–ငြိမ်း)တို့၏သမီးကြီး

မနှင်းလဲ့လဲ့အေး

B.Sc(Physics) Q **(ခေတ္တ–အင်္ဂလန်)**

Book Keeping and Accounts (LCCI)

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ၁၄–၁၀–၂၀၀၃ ရက်နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်စိုးဝင်းလှိုင်–မနှင်းလဲ့လဲ့အေး

ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ကြာသပတေးပတ် ဆွမ်းလောင်းဓမ္မာရုံ၌ အောက်တိုဘာ ၉ ရက်က ဆွမ်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ သံဃာတော်အပါး ၃၈၀ အား အလှူရှင်များက ဆွမ်းလောင်းလှူကြစဉ်။

(ဝ၅၅)

ကင်းတားရေလှောင်တမံ ပြောင်းပြာမြောင်း ရေသောက်ဧရိယာအတွင်း မိုးစပါးစိုက်ပျိုးရန် မြေသားပေါင်မြှင့်ခြင်းလုပ်ငန်း တိုင်းမှူးစစ်ဆေး

မန္တလေး အောက်တိုဘာ ၁၉

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၆ရက် နံနက်က မြစ်သားမြို့နယ် လွှဲပေါက်ကျေးရွာအနီးရှိ ကင်းတားရေလှောင်တမံ၏ ပြောင်းပြာမြောင်းသို့သွားရောက်ပြီး ပြောင်းပြာမြောင်း ရေသောက်ဧရိယာအတွင်း မိုးစပါးဧက ၃၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရန် ပြောင်းပြာမြောင်းအလျားပေ ၂၅၀၀၀ အား စက်ယန္တရားဖြင့် သဲနုန်းနုတ်၍ မြေသားတာပေါင်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးရှိ သစ်တက်ကုန်း ရေလွှဲဆည်သို့ ရောက်ရှိရာ တိုင်းမှူးအား ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုဌေးက ရေလွှဲဆည်မူလတူးမြောင်းမကြီး တိုးချဲ့ပြုပြင်ခြင်း၊ ရေတံခါးအသစ် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေလွှဲဆည်အတွင်း ရေဝင်ရောက်မှု၊ ရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရေလွှဲဆည်အတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရေထိန်းသိမ်းဖြန့်ဝေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မဟာပဋ္ဌာန်းပူဇော်ပွဲဖွင့်

မိုးညှင်း အောက်တိုဘာ ၇

ကချင်ပြည်နယ် မိုးညှင်းမြို့၏ ရှေးဟောင်းစေတီဖြစ်သော သစ္စာမဏ္ဍိုင်ရန်ပြေမာန်ပြေ ဆုတောင်းပြည့်စေတီအာရုံခံ၌ ပထမအကြိမ် မဟာပဋ္ဌာန်းပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကိုအောက်တိုဘာ ၆ ရက်တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်သံဃနာယကဆရာတော်များ၊ ပဋ္ဌာန်းတရားရွတ်ဖတ်ပူဇော်မည့် သံဃာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးများ၊ မြို့နယ် သာသနာရေးဦးစီးမှူးနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

(၁၅၂)

အမြို့မြို့ အနယ်နယ် သတင်းများ

အောက်တိုဘာ ၉ ရက်က လပွတ္တာမြို့နယ် မြို့တွင်းလမ်းများကောင်းမွန် စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမင်းဇော်ဟန် ဦးဆောင်၍ ဝန်ထမ်းများက မြို့တွင်း လမ်းများတစ်လျှောက် ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ညောင်တုန်းမြို့နယ်ရှိ ဝန်ကြီးဌာနငါးမွေးမြူရေးကန် စစ်ဆေး

ညောင်တုန်း အောက်တိုဘာ ၁၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းသည် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင်ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်သဇင်ရေကျော်ကျေးရွာရှိဝန်ကြီးဌာနဧက ၁၀၀ ငါးမွေးမြူရေးကန်သို့ ရောက်ရှိရာ ငါးမွေးမြူရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးစန်းလွင်က ငါးများ မွေးမြူထားရှိမှုအခြေအနေ၊ ပုစွန် စမ်းသပ်မွေးမြူထားရှိမှု အခြေအနေတို့နှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဆွေးနွေးမှာကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားပြိုင်ပွဲဖွင့်

မြင်းခြံ အောက်တိုဘာ ၁၀

မြင်းခြံခရိုင် ကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ရက်က မြင်းခြံမြို့ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပရာ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

(ဝ၄၂)

ဖြူး မြို့မအရှေ့ရပ်ကွက် အမှတ်(၅)လမ်း ကတ္တရာလမ်းခင်းနေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဗုဒ္ဓစာဥယျာဉ် ဒုတိယအကြိမ်ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၀၁ ခုနှစ်အတွင်းက နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ ထုတ်ဝေခဲ့သော မောင်ဆန္ဒ(လယ်ဝေး)ရေးသားသည့် ဗုဒ္ဓစာဥယျာဉ်စာအုပ်ကို စာဖတ်သူများ၏ တောင်းဆိုချက်အရ ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်သည်။ အဆိုပါစာအုပ်တွင် ဓမ္မရသ ဝတ္ထုတို ၂၂ ပုဒ်ကို အတွင်းသရုပ်ဖော်ပန်းချီ ဝေဝေဆာဆာဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၏မူအတိုင်း သပ်ရပ်ခံ့ညားစွာ ပြင်ဆင်မွမ်းမံထားပြီး နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာအုပ်အရောင်းဆိုင် ဖုန်း-၃၇၄၅၃၂၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် ရန်ကုန်-မန္တလေးစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင်ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ဗီဒီယိုနှင့်ပတ်သက်သည့်လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေနှင့်အညီလိုက်နာလုပ်ကိုင်ရန် သတိပေးနှိုးဆော်ချက်

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၏ အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်တွင် ဗီဒီယိုနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်သက်ရောက်ကြောင်း ဖော်ပြထားပါသည်။

(က) ဗီဒီယိုဆိုသည်မှာ ရုပ်မြင်သံကြားဆိုင်ရာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကို ဖြစ်စေ၊ ရုပ်ပုံနှင့်အသံကို ဖြစ်စေ ထွက်ပေါ်ခြင်းကိုဆိုသည်။

(ခ) ဗီဒီယိုတိပ်ခွေဆိုသည်မှာ ရုပ်ပုံနှင့်အသံကို ရိုက်ကူးထည့်သွင်းထားသော တိပ်ခွေ၊ လေဆာပြား သို့မဟုတ် အလားတူပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ဗီဒီယိုရိုက်ကူးချက်နှင့် ဗီဒီယိုကူးယူချက်များလည်းပါဝင်သည်။

(ဂ) ဗီဒီယိုလုပ်ငန်းလိုင်စင်ဆိုသည်မှာ ဤဥပဒေအရ ဗီဒီယိုလုပ်ငန်းအမျိုးအစားတစ်ခုခုအတွက် ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

၂။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ"ဥပဒေပုဒ်မ ၃၂ (က) အရ လုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေးအလို့ငှာ ဗီဒီယိုလုပ်ငန်းလုပ်ကိုင်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" အခန်း(၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် ဖော်ပြထားပြီးဖြစ်သဖြင့် အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုသူသည် ဗီဒီယိုလုပ်ငန်းလိုင်စင် လျှောက်ထား၍ လုပ်ငန်းလိုင်စင်ရရှိမှသာ လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(က) ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း

(ခ) ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း

(ဂ) ဗီဒီယိုတည်းဖြတ်ခြင်းလုပ်ငန်း

(ဃ) ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း

(င) ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်းလုပ်ငန်း(လက်လီ သို့မဟုတ် လက်ကားရောင်းချခြင်းပါ ပါဝင်သည်။)

(စ) ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း

(ဆ) ဗီဒီယိုပြသခြင်းလုပ်ငန်း (ကာရာအိုကေသီဆိုခြင်းလုပ်ငန်းများပါ ပါဝင်ပါသည်။)

၃။ ဗီဒီယိုလုပ်ငန်းတစ်ခုခုကို စီးပွားရေးအရ လုပ်ကိုင်သောသူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၉) ပြစ်မှုနှင့် ပြစ်ဒဏ်များတွင် "ဥပဒေပုဒ်မ ၃၂(ခ)၊ ၃၃ (ခ) အရ အောက်ပါပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် (၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း" ဖော်ပြထားပြီးဖြစ်ပါသည်။

(က) ဤဥပဒေအရ ကင်းလွတ်ခွင့်ပြုသောကိစ္စရပ်မှအပ ဗီဒီယိုဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း၊

(ခ) ဗီဒီယိုထုတ်လုပ်ခြင်း သို့မဟုတ် ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း လုပ်ငန်းလိုင်စင်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ဗီဒီယိုဆင်ဆာလက်မှတ်ရရှိပြီးသော ဗီဒီယိုတိပ်ခွေကို စီးပွားရေးအလို့ငှာ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ အထက်ဖော်ပြပါ တားမြစ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ဗီဒီယိုလုပ်ငန်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့်မသမာမှုများ များပြားလာသည့်အတွက်ကြောင့် ဗီဒီယိုနှင့်ပတ်သက်သည့် လုပ်ငန်းလုပ်ကိုင်သူများသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ကိုင်ရန်နှင့် လိုက်နာလုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ

မြို့ပေါ်ရပ်ကွက်များရေပေးဝေရေးစီစဉ်

မိတ္ထီလာ အောက်တိုဘာ ၁၆

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်မြို့ပေါ်ရှိ ၁၁ရပ်ကွက်သို့ သန့်ရှင်း ကောင်းမွန်သော အဝီစိစက်ရေတွင်း ရေဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိရာ ကျီတော်ကုန်း ရပ်ကွက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တစ်မြို့လုံး အဝီစိတွင်းရေဖြင့် ၂၀၀၃ခု နှစ်မှစ၍ ၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်အထိ မြို့ပေါ်ရပ်ကွက်ကြီး ၁၁ ရပ်ကွက်အား သန့်ရှင်းကောင်းမွန်သော အဝီစိတွင်းရေဖြင့် ရပ်ကွက်အလိုက်အလှည့်ကျရေအလုံအလောက်ဖြန့်ဝေပေးနိုင်ရန် ရပ်ကွက်အလိုက် စာရင်းပြုစုကာ နှစ်စဉ် ဘဏ္ဍာရေးခွင့်ပြုချက်ဖြင့် အဝီစိရေတွင်းများ တူးကာ ရေပေးဝေရေး စီစဉ်လျက်ရှိသည်။

(၄၁၄)

မွေးမြူရေးနှင့် ရေလုပ်ငန်းများကွင်းဆင်းစစ်ဆေး သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့ လိုက်ပါလျက် အောက်တိုဘာ ၁၂ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ ပြည်နယ် ငါးလုပ်ငန်းစခန်းသစ်နှင့် သထုံခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့သွားရောက်ပြီး သထုံခရိုင်အတွင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ် တာဝန်ခံများအား လုပ်ငန်းလိုအပ်ချက်များကိုမှာကြားသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမြို့နယ်ရုံးသို့ရောက်ရှိပြီး ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်း ဦးစီးဌာနတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၃ ရက်တွင် ဘားအံမြို့နယ် တရပ်လုစံပြကျေးရွာသို့ရောက်ရှိပြီးကော့ကျိုက်ကျေးရွာကမာမွန်ကွင်းရှိ ပုဂ္ဂလိက ရေချိုပုစွန် ၄၅ ဧကစမ်းသပ်မွေးမြူမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့သို့ရောက်ရှိပြီး မောင်ငံရပ်ကွက်ရှိ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ရုံး မြေနေရာနှင့်မော်လမြိုင်မြို့ရှိ ပုဂ္ဂလိက ငါး၊ပုစွန်အအေးခန်း စက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်တွင် ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာန၊ တိုင်း ဦးစီးမှူးရုံးသို့ရောက်ရှိပြီး မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ပဲခူးတိုင်းမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁၁ ရက်က ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပြည်သာယာပန်းခြံ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့် မြေခင်းအလှပြင်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုး တင့် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အောက်တိုဘာ ၈ ရက်က ဒေးဒရဲ–တော်ကမယ်– ကျုံကြပ်လမ်း ကျောက်ချောလမ်းခင်းရန်အတွက် ကျောက်ကြီးများဝယ်ယူစုဆောင်းမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဝင်းထွန်းတို့က လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)



လေ့လာဆန်းစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေးအဖွဲ့သင်တန်းဖွင့်

တောင်ကြီး အောက်တိုဘာ ၁၄

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဘေးဒုက္ခဆိုင်ရာ လေ့လာဆန်းစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေးအဖွဲ့(DART)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက်က တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဝင်းမောင် (**အပေါ်ပုံ**)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဗဟိုအလုပ်အမှုဆောင်ဦးစောသိန်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကိုယ်စားလှယ် Mr. Guiliano Vascoto နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း ကိုယ်စားလှယ် Mss. Johanar Macline တို့က အမှာစကားပြောကြားသည်။

သင်တန်းသို့ ရှမ်းပြည်နယ်တောင်ပိုင်း၊မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့် ကယားပြည်နယ်၊ မကွေး၊ပဲခူး(အရှေ့)နှင့် ပြည်နယ်တိုင်းများမှ သင်တန်းသား သင်တန်းသူ ၃၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ကြက်ဆူကျင်း ဘက်စုံဖွံ့ဖြိုးမှုဒေသ၌ ကြက်ခြေနီနှင့် မီးသတ်သင်တန်းဖွင့်

ရေစကြို အောက်တိုဘာ ၁၃

ရေစကြိုမြို့နယ် ကြက်ဆူကျင်း ဘက်စုံဖွံ့ဖြိုးမှုဒေသ ကြက်ဆူကျင်း အထက (ခွဲ) ကျန်စစ်သားခန်းမ၌ ဘင်ခရာ၊ကြက်ခြေနီနှင့် မီးသတ်သင်တန်းများဖွင့်ပွဲ ကို အောက်တိုဘာ ၁၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး သင်တန်းများကို ဖွင့်လှစ်ပေးသည်။ ဘင်ခရာသင်တန်းသို့ သင်တန်းသူ သင်တန်း သား ၁၆၈ ဦး၊ မီးသတ်နှင့် ကြက်ခြေနီသင်တန်းသို့ သင်တန်းသား ၃၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

(က–ပ)

စက်တင်ဘာ ၂၁ ရက်က ဝါးခယ်မမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်စျေးတို့တွင် ရေနုတ်မြောင်းဆယ်တင်ခြင်း၊ ပေါင်းမြက်ချုံနွယ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ရပ်ကွက်ပြည်သူများနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(၃၇၆)

အမြို့မြို့ အနယ်နယ်သတင်းများ

သီပေါမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်၊ ပညာပေးဟောပြော

သီပေါ စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ဓာတ်ပုံပြပွဲနှင့် လူထုပညာပေးဟောပြောပွဲများကို စက်တင်ဘာ ၁၆ ရက်က ပန်ဆောက်ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းသာလှိုင်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌဦးထွန်းစိန်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူးသန်းထွန်း၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထွန်းစိန်နှင့်အဖွဲ့ဝင်များက နယ်လှည့်စာကြည့်တိုက်မှ စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြသည်။

(၃၀၆)

အထက်မင်းလှမြို့နယ်၌ အမျိုးသမီးများ စက်ချုပ်သင်တန်းဆင်း

အထက်မင်းလှ အောက်တိုဘာ ၁၄

မကွေးတိုင်း အထက်မင်းလှမြို့နယ် အမျိုးသမီးရေးရာကော်မတီက ကြီးမှူးဖွင့်လှစ်သော အမျိုးသမီးများ စက်ချုပ်သင်တန်း (၁/၂၀၀၃)ဆင်းပွဲကို အောက်တိုဘာ ၁ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ သင်တန်းနည်းပြဆရာမ ဒေါ်အေးချိုက သင်တန်းဆင်းလက်မှတ်များတစ်ဦးချင်း ပေးအပ်သည်။

သင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာများမှ အမျိုးသမီး ၂၂ ဦး တက်ရောက်သင်ကြားကာ သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ဖြစ်သည်။

(၀၇၆)



မြင်းခြံမြို့နယ်၌နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

မြင်းခြံ အောက်တိုဘာ ၁၀

နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မြင်းခြံမြို့နယ် ကန်ချောကျေးရွာအုပ်စုရုံးတွင် စက်တင်ဘာ၂၀ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးညီညီသန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား များကို ကန်ချောကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးငွေသိန်းထံ ပေးအပ်သည်။

(၄၀၂)

မော်လမြိုင် အထက (၃) အာစရိယပူဇော်ပွဲကျင်းပရေးစည်းဝေး

မော်လမြိုင် အောက်တိုဘာ ၁၀

မော်လမြိုင်မြို့ အမှတ်(၃)အထက ကျောင်းသူကျောင်းသားဟောင်းများကကြီးမှူး၍တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ရက်က အထက(၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အာစရိယပူဇော်ပွဲတွင် ဆရာဆရာမ ၁၂၀တို့အပူဇော်ခံမည်ဖြစ်၍ လှူဒါန်းလိုသည့်ကျောင်းသူဟောင်းများ အနေဖြင့် ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါ်လှလှကြည်(ကျောင်းအုပ်ကြီး၊ အထက(၃) မော်လမြိုင်၊ ဖုန်း–၀၅၇/၂၁၃၅၉)၊ ဒေါ်စန်းစန်းကြွယ် (မြရိပ်ညိုရွှင်ရယ်ဟိုတယ်၊ ဖုန်း–၀၁/၅၄၈၃၁၁ မှ ၀၁/၅၄၈၃၁၇) ဒေါ်ခင်လေးမြင့် ကျောင်းအုပ်ကြီး၊ အထက(၄)လှိုင်၊ ဖုန်း–၀၁/၅၃၆၄၈၄၊ မဝင့်မော် (ဟိုစန်းရွှေဆိုင်၊ ဖုန်း–၀၁/၂၇၆၆၁၅)၊ ဒေါ်အေးမာခင် (ဖုန်း ၀၉–၉၉–၈၀၃၀၃၂၉)၊ဒေါ်ခင်မိုမိုညိမ်း ဖုန်း–၀၁/၅၄၈၃၅၆ နှင့် ဒေါ်သန်းသန်းမူ ဖုန်း–၀၁/၂၂၀၉၃၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၆၈)

ဦးတင်မောင်ဦး B.E (Mechanical) ရေးသားသည့် ၂၀၀၂–၂၀၀၃ မေးခွန်းဟောင်းများ စံပြအဖြေနှင့် ရှင်းလင်းချက်စာအုပ်ကို အမှတ် (၃၃၉/က) သုမင်္ဂလာလမ်း ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဖုန်း–၅၇၀၀၃၆ က ထုတ်ဝေဖြန့်ချိသည့် စာအုပ်မျက်နှာဖုံး။

(က–ပ)

မြန်မာ့အသံ

၂၃–၁၀–၂၀၀၃

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အဋ္ဌာနဒိုယသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရောဂါကင်းသောကြက်ပေါက်ရရှိရေး)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ပန်ရင်မွှေးမယ့်ပန်းအလှလေးများ (သာမဏေကျော်) (၂)ပြန်လှန်စစ်မေးခြင်းပညာ (ဦးကျော်ဇေယျ)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (မြေငလျင်အကြောင်း– မောင်ဆုရှင်)

၁၂:၁၅ သုခ၏ရတနသုတ်ဆွေးနွေးခန်း (အပိုင်း–၁၅)

၁၂:၃၀ အစာနဲ့အာဟာရ (ရခိုင်ရိုးရာ ငါးသောက်ဆမ်းနဲ့ ကြက်သောက်ဆမ်း)

၁၂:၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အတူတူကကြမယ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊အမှတ်(၁၂)မလွှကုန်းလမ်း၊ကျောက်မြောင်း၊တာမွေမြို့နယ်နေ
ဦးအောင်သန်း(လက်ထောက်ငှက်ဖျားမှူး၊အငြိမ်းစား၊
မွန်ပြည်နယ်)-(ဒေါ်မိသန်း)တို့၏ သားကြီး

မောင်လင်းဇော် (General Manager)
RIO Shipping Travel & Trading Co.,Ltd.(Bangkok)
နှင့်
မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာနေ
ဦးလှဝင်း(အငြိမ်းစား၊ကုန်သွယ်လယ်ယာ)-ဒေါ်ငြိမ်းခင်တို့၏စတုတ္ထသမီး

မမီမီခိုင်

တို့အား ၁၆-၁၀-၂၀၀၃ ရက် (ကြာသပတေးနေ့)တွင် ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာတွင် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လင်းဇော်-မမီမီခိုင်

ကားငှားမည် ခရီးစဉ်မျိုးစုံအတွက် Aircon၊ Mini Bus နှင့် Saloon မျိုးစုံ နှစ်ချုပ်၊ လချုပ် ငှားရန်ရှိသည်။ အကျိုးတူ ပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါရန်။ **ဖုန်း- ၅၂၄၆၈၆**

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၁၀၀

ဦးဌေးအောင် နှင့် ဒေါ်ခင်ခင်လွင်
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၄၉၄/၂၀၀၁ အမှုတွင် ၃-၃-၂၀၀၃ နေ့၌ချမှတ်ခဲ့သော ဒီကရီအရ အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းများအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်တည်း ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်းကို အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့ တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင်ပေးရမည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းလမ်း၊ တိုက် ၃၉၊ အခန်း ၅၊ မြေညီထပ်တစ်ခန်း၊ ပထမထပ်တစ်ခန်း၊ (ကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀)

ထွန်းသိန်း
တွဲဖက်တိုင်းတရားသူကြီး(၁)
ရန်ကုန်တိုင်းတရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၇၁၅

၁။ ဒေါ်ခင်ရီ **နှင့်** ဒေါ်မြသင်
၂။ ဒေါ်ခင်သီ
၃။ ဦးသိန်းဇံ
၄။ ဒေါ်ညွန့်စိန်
(၎င်းတို့၏ ကိုယ်စားလှယ်စာရသူ ဒေါ်ညွန့်စိန်)
(တရားလိုများ) **(တရားပြိုင်)**

ဒေါ်မြသင် အမှတ် ၂၈၊ အင်းဝလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ခင်ရီပါ-၄၊ (၎င်းတို့၏ ကိုယ်စားလှယ် စာရသူ ဒေါ်ညွန့်စိန်)က တရားလိုများသည် မြေနှင့်မြေပေါ်ရှိ နေအိမ်ကို လက်ရှိထားပိုင်ခွင့် ဆိုင်ရေးဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ထာဝရ တားဝရမ်းရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၄ ရက်(၁၃၆၅ ခုနှစ်တန်ဆောင်မုန်းလဆန်း ၁၁ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်၊ သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန
ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)
အောင်ဇေယျလမ်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)
၂၀၀၃-၂၀၀၄ ပညာသင်နှစ်၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ
(၁)နှစ်သင်တန်း၏

သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၌ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွက် ဘွဲ့လွန်ပြတိုက်ပညာ ဒီပလိုမာ (၁)နှစ် သင်တန်းအား ဖွင့်လှစ်သွားမည် ဖြစ်ပါသည်-

(က) သင်တန်းအမည်	- ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း
(ခ) သင်တန်းကာလ	- (၁) နှစ်
(ဂ) သင်တန်းအချိန်	- နံနက် (၁၀:၀၀)နာရီမှ ညနေ (၄:၃၀) နာရီထိ
(ဃ) ပညာအရည်အချင်း	- ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်
(င) သင်တန်းစတင်ဖွင့်လှစ်မည့်နေ့	- ၁၀-၁၁-၂၀၀၃ (တနင်္လာနေ့)
(စ) လျှောက်လွှာများစတင်လက်ခံမည့်နေ့	- ၂၃-၁၀-၂၀၀၃ (ကြာသပတေးနေ့)
(ဆ) လျှောက်လွှာများ ပိတ်မည့်နေ့	- ၇-၁၁-၂၀၀၃ (သောကြာနေ့)
(ဇ) ပေးအပ်မည့်ဒီပလိုမာ	- ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာ Post Graduate Diploma in Museology
(ဈ) သင်တန်းတည်နေရာ	- အမျိုးသားပြတိုက် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန

၂။ လျှောက်ထားလိုသူများသည် ဌာနဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုထောက်ခံချက်ဖြင့် လျှောက်ထားကြရမည် ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ၂၃-၁၀-၂၀၀၃ ရက်မှ စတင်၍ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၌ ဝယ်ယူ၍ လျှောက်ထားကြရမည်ဖြစ်သည်။
၃။ အသေးစိတ်အချက်အလက်များအား သိလိုပါက ယဉ်ကျေးမှု တက္ကသိုလ် (ရန်ကုန်)၊ တယ်လီဖုန်းအမှတ် ၀၁-၅၉၀၂၃၄ နှင့် ၀၁-၅၉၀၂၅၂ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ပန်းချီဆရာကြီးဦးဉာဏ်ရှိန်

မြန်မာနိုင်ငံပန်းပညာရှင်များအစည်းအရုံးနာယက
အသက် (၇၉) နှစ်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲတွင် ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၃ခုနှစ်ထိ ခြောက်နှစ်တိုင် ဆက်တိုက်ပန်းချီအကဲဖြတ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည့် ပန်းချီဆရာကြီး ဦးဉာဏ်ရှိန်သည် ၇-၁၀-၂၀၀၃ ရက်က ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ
အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မျက်နှာဖုံး
အပ်ပေပါဖြင့်

ထွက်ပြီ

ရောင်းဈေး
၂၀၀/-ကျပ်

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊
ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊
☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

မြန်မာ့မီးရထားချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)11/MR (M.YUG) 2003-2004	Spare Parts for Diesel Engine (Type MTU 6V/12V/16V/396TC 12/13/14)	1-Lot (21-Items)

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၁၁-၂၀၀၃ (အင်္ဂါနေ့) (၁၂:၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၂၅-၁၁-၂၀၀၃ (အင်္ဂါနေ့) (၁၄:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၁၀-၂၀၀၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊၆၀၅၊၆၁၂

Discovery Food Centre

ပုံမှန်ရရှိနိုင်သော တရုတ်၊ ယိုးဒယား၊ ဥရောပအစားအစာများအပြင် အထူးအစီအစဉ်အနေဖြင့် စနေ၊ တနင်္ဂနွေနေ့ ညနေ ၆ နာရီ မှ ၉ နာရီထိ ဘူဖေးပါတီနှင့် တေးဂီတအစီအစဉ် ရှိနေပါပြီ။

လူကြီးတစ်ဦးလျှင် - ၂၀၀၀/
ကလေးတစ်ဦးလျှင် - ၁၅၀၀/

စားသောက်ဖွယ်ရာစုံလင်စွာဖြင့် လူမျိုးဘာသာမရွေး စားသုံးနိုင်ပါသည်။ (မွေးနေ့၊ အလှူမင်္ဂလာများအတွက် အထူးအော်ဒါလက်ခံဆောင်ရွက်ပေးသည်)

အမှတ် ၄၂၊ ယောမင်းကြီးလမ်းနှင့် ဗိုလ်ရာညွန့်လမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန် ဖုန်း-၂၄၉၅၈၁ စနေနေ့တိုင်း နံနက်ပိုင်းမှ ညနေ ၆ နာရီထိ ဆိုင်နားပါသည်။

စက်မှုသိပ္ပံ(ချောက်)ကျောင်းဆင်းမိသားစု

ကထိန်သင်္ကန်းကပ်လှူပွဲ

စက်မှုသိပ္ပံ(ချောက်) ကျောင်းဆင်းမိသားစု၏ (၁၅)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဆင်းအားလုံး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက်။ ၂၆-၁၀-၂၀၀၃(တနင်္ဂနွေနေ့)

အချိန် ။ နံနက် (၈:၀၀ နာရီ မှ ၁၂:၀၀ နာရီအထိ)

နေရာ ။ အဘိဓမ္မာမွေ့ရာရုံ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း (၃လမ်း မှတ်တိုင်ဆင်း၊ စွမ်းအင်ဓမ္မာရုံဘေး)

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

အောက်တိုဘာ ၂၃ ရက်တွင် ကျရောက်သော သားလေး မောင်ကောင်းခန့်ကို၏ (၃)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် ပြည့်စုံပျော်ရွှင်စေသော မွေးနေ့ပေါင်းများစွာကို ပိုင်ဆိုင်နိုင်ပါစေ။ အသိအလိမ္မာဉာဏ်ပညာနှင့် ထက်မြက်ထူးချွန်သော သားလိမ္မာလေး ဖြစ်ပါစေ။

ဖေဖေကြီး- ဦးအောင်ဆန်း
မေမေ-ဒေါ်မိုးမိုးအောင်
"သိမ်း"စားသောက်ဆိုင်
ဂျပန်လမ်း၊ ထန်းပင်ကုန်း

ကမ္ဘာအေးစွန်းလွန်း ဘုံကထိန်

၁၃၆၅ ခု တန်ဆောင်မုန်းလဆန်း ၉ ရက်၊ (၂-၁၁-၂၀၀၃) တနင်္ဂနွေနေ့၊ မွန်းလွဲ ၁၂:၃၀ အချိန်၌ ကမ္ဘာအေးစွန်းလွန်းဆရာတော် အရှင်ဝိနယအမှူးရှိသော သံဃာတော်တို့အား ယောဂီများစုပေါင်း၍ ကထိန်လျာ သင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

ကမ္ဘာအေးစွန်းလွန်းပဋိပတ္တိသာသနာနုဂ္ဂဟအဖွဲ့

Myanmar Fishery and Livestock Fair - 2003

ရန်ကုန်ပဲခူးကိုဟိမ

226817, 226834, 251230, 681310, 660283, 09-5003646, 09-5003091, 02-80227

MCC
Junior Management & Office Staff Training

● ကွန်ပျူတာ ● လုပ်ငန်းသုံး အင်္ဂလိပ်စာ ● စာရင်းကိုင်ပညာ
● Fax, Email အသုံးပြုနည်း အပါအဝင် ဘာသာရပ် (၇)မျိုးကို ဥပ်သင်တန်းနှင့် သင်ကြားပေးမည်ဖြစ်ပါသည်။

25% Discount

၂၄-၁၀-၂၀၀၃ ထွက်မည်။

Music : Ko Aye Soe & Mg Mg Latt Studio : Tower Harmony : EverGlades

Shopping Mall City Mart

No. 8, No. 10, No. 12 (4 mm Ø, 3.25 mm Ø, 2.5 mm Ø)

ROTARY
Aircond, Refrigerator, Washing machine
Ph- 721 848

ဦးတင်မျိုးမြင့် ၉/မနမ(နိုင်) ဝ၉၅၉၅၈ နှင့် အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၀ X ၃၁ လမ်း၊ ၇၈ လမ်းကြား၊ အက်စ်ဝိုင်တိုက်တန်း အခန်းအမှတ် (အီး-၁)တွင် ရုံးခန်းဖွင့်လှစ်ထားသော (S.M.group) ဆောက်လုပ်ရေးလုပ်ငန်း ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးကိုယ်စားလှယ်လွှဲစာရသူ (S.M. group) အဖွဲ့ဝင် ဦးမျိုးညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်မျိုးမြင့်ပါ ငါးဦးတို့အနေဖြင့် ၂၇-၈-၂၀၀၂နေ့က ဖွဲ့စည်းတည်ထောင်ခဲ့ကြသော (S.M.group) လုပ်ငန်းအဖွဲ့သည် စတင်ဖွဲ့စည်းချိန်မှစ၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ချမှတ်သော လုပ်ငန်းများဖြစ်သည့် ကျောက်ဆည်မြို့၊ ဆင်မင်းဘိလပ်မြေစက်ရုံအဝင်လမ်းမကြီးနှင့် ဝန်ထမ်းအိမ်ရာလမ်းများ၊ အုတ်တံတိုင်းများ တည်ဆောက်လုပ်ရေးအပါအဝင် အခြားလုပ်ငန်းများကို လုပ်ကိုင်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

(S.M.group) အနေဖြင့် ဦးတင်မျိုးမြင့်အား အဖွဲ့၏စည်းကမ်းချက် အပိုဒ် (၁၁) အရ လုပ်ငန်းများကို ဦးစီးလုပ်ကိုင်စေခဲ့ပြီး၊ စည်းကမ်းချက်အပိုဒ် (၁၄) (၁၅)နှင့် (၁၆)တို့အရ စာရင်းရှင်းလင်းရန် အကျိုးအမြတ်များခွဲဝေပေးရန် ၁၂-၈-၂၀၀၃ နေ့က ကျင်းပသော အဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တောင်းဆိုခဲ့ရာ ၎င်းအနေဖြင့် အချိန်တစ်လတိတိပေးပါရန်နှင့်အဖွဲ့က တောင်းဆိုသည့်အတိုင်း ရှင်းလင်းပေးပါမည်ဟု သတိပြုခဲ့ပါသည်။

အဖွဲ့၏သဘောတူညီချက်အရ တစ်လအချိန်ပေးခဲ့ပြီး ၁၃-၉-၂၀၀၃ နေ့တွင် အဖွဲ့ရုံးခန်းတွင်ကျင်းပသော အစည်းအဝေးသို့ ဦးတင်မျိုးမြင့် ရောက်ရှိလာခဲ့သော်လည်း၊ အကျိုးအမြတ်များ ခွဲဝေပေးမည်မဟုတ်သလို စာရင်းရှင်းလင်းရန်လည်း မလိုကြောင်း အဖွဲ့အနေဖြင့် ကြိုက်သလို ဆောင်ရွက်နိုင်ကြောင်း နှုတ်ဖြင့် ပြောဆိုထွက်ခွာသွားခဲ့ပါသည်။

ထို့ပြင် ဦးတင်မျိုးမြင့်အနေဖြင့် လုပ်ငန်းရုံးနှင့် လုပ်ငန်းခွင်ရုံးများမှ စာရင်းဇယားများကိုလည်း အဖွဲ့ခွင့်ပြုချက်မရရှိဘဲ ရယူသွားခဲ့ပါသည်။

ဤကဲ့သို့သော အပြုအမူများနှင့်ပတ်သက်၍ (S.M.group) အဖွဲ့ဝင်များက ယခု ဤကြေညာချက်ပြုလုပ်သည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ဦးတင်မျိုးမြင့်အနေဖြင့် အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမျိုးညွန့်ထံသို့လည်းကောင်း၊ ကျွန်ုပ်တို့ထံသို့လည်းကောင်း၊ မူလက သဘောတူညီထားချက်များနှင့်အညီ ကျေလည်သည်အထိ လာရောက်ဖြေရှင်းပေးရန် တောင်းဆိုလိုက်ပါသည်။

ထိုသို့မဖြေရှင်းဘဲဆက်လက်ရှောင်လွှဲနေဦးမည်ဆိုပါက မလွှဲမရှောင်သာဘဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခု ကြေညာသည့်နေ့ရက်မှစ၍ (S.M.group) ကိုယ်စား ဦးတင်မျိုးမြင့်နှင့် ဆက်သွယ်ဆောင်ရွက်နေကြသူများအနေဖြင့် (S.M.group)မှ ထပ်မံ ကြေညာခြင်း၊ အကြောင်းကြားခြင်းများ မပြုသေးမီ ၎င်းနှင့်ဆက်သွယ် ဆောင်ရွက်နေသော လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန် မေတ္တာရပ်ခံကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးမျိုးညွန့် ၉/မရမ(နိုင်)၀၂၅၃၂၆

လွှဲအပ်ညွှန်ကြားချက်အရ-

၁။ ဒေါ်သင်းသင်းအုန်း (ကျောက်ဆည်)
B.Sc, H.G.P
အထက်တန်းရှေ့နေကြီး
စဉ်-၃၉၄၉

၂။ ဒေါ်အေးအေးတင့်
B.Sc, IC. H.G.P
အထက်တန်းရှေ့နေကြီး
စဉ်-၁၃၂၇၁

၃။ ဦးခင်မောင်မြင့်
B.Sc, H.G.P, AGTI (Civil)
အထက်တန်းရှေ့နေ
စဉ်-၁၃၀၆၈
၃၃ X ၃၄ လမ်းကြား၊ ၆၈ X ၆၉ လမ်းကြား

ပါတ်ကုန်းပျော်ဘွယ်ရယကရုံးအနီး
မန္တလေးမြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သမီး မလွင်မေသူ ၁၂/ဗဟန (နိုင်) ဝ၉၁၆၇၃ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိဘများ
ဦးလှအောင် ၁၂/ဗဟန(နိုင်)၀၂၀၀၇၇
ဒေါ်မြမြဝင်း ၁၂/ဗဟန(နိုင်)၀၂၀၀၆၅

သွားနတ္ထသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ခြင်း

အောင်လံမြို့ ကန်ကြီးရပ် ၇ လမ်းနေ ဦးတင်ရွှေ-ဒေါ်စောရွှေ (ဂုဏ်ညွန့်စာတ်ပုံနှင့်စတိုး)၏ သားဖြစ်သူ မောင်ဇော်မြင့်ဝေ ALN. ၁၂၁၄၈၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘကိုရက်စက်စွာ ပြုမူခဲ့ပါသဖြင့် ၎င်းအား ယနေ့မှစ၍ 'သွားနတ္ထသား'အဖြစ်သတ်မှတ်လျက် အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များ လုံးဝ တာဝန်မယူပါ။

ဦးတင်ရွှေ ALN.၀၀၅၈၁၆
ဒေါ်စောရွှေ ALN.၀၀၅၈၁၇

တစ်လပြည့် လွမ်းဆွတ်သတိရခြင်း
ဦးကျော်ထွန်း (ခ) ဦးကောင်းမြင့်
ကောင်းမြင့်ဓာတ်ပုံတိုက် တောင်ကြီးမြို့

ကျေးဇူးရှင် ဖခင်ကြီး မိသားစုနှင့် ခွဲခွာခဲ့သည်မှာ ၂၃-၁၀-၂၀၀၃ ရက်တွင် တစ်လပြည့်ခဲ့ပြီး တစ်နေ့မှ မေ့မရပါ။ နေ့စဉ်ပြုသမျှ ကုသိုလ်နှင့် ယနေ့ပြုသမျှကုသိုလ်အဖို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ပါ။

ချစ်ဇနီး -ဒေါ်ရင်ရင်မြင့်နှင့်
ချစ်သားသမီးမြေးတစ်စု
တောင်ကြီးမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျင့်မွန့်မန်၏ နိုင်ငံကူးလက်မှတ် အမှတ် ၄၆၆၇၃၂ စာအုပ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၆၅၄၀၅၊ ၀၉-၈၀-၂၃၅၈၂

အမည်ပြောင်း

ဦးဌေးမောင်၏သမီး တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် အေးသာယာ အထက ဒသမတန်း(က)မှ မဝေဖြူဇင်အား ယနေ့မှစ၍ မခိုင်ဖြိုးဝေဟုပြောင်းလဲခေါ်ပါရန်။

မခိုင်ဖြိုးဝေ

အမည်ပြောင်း

အဖ ဦးခင်ဇော်၏သား အထက (၃) စမ်းချောင်း သတ္တမတန်း (C)မှ မောင်ရဲဇာနည်မင်းအား မောင်ဝေလု မောင်ဟု ခေါ်ပါရန်။

မောင်ဝေလုမောင်

ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၀-၂၀၀၃ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၁၈)တွင် ပါရှိသော ဘွဲ့နှင်းသဘင် (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) ကြော်ငြာတွင် ကျင်းပမည့်နေ့ရက် ၉-၁၀-၂၀၀၃ရက်အစား ၉-၁၁-၂၀၀၃ရက် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	မန်နေဂျာ	ဘွဲ့ရ(မ)	၁ ဦး
၂။	စာရင်းကိုင်	ဘွဲ့ရ(မ)	၂ ဦး
၃။	ကွန်ပျူတာကျွမ်းကျင်	ဘွဲ့ရ(မ)	၂ ဦး
၄။	စကားပြန်(တရုတ်)	(မ)	၁ ဦး

မှတ်ချက် ။ ။အမှတ်စဉ်(၁)အတွက် Garment, Marker, Pattern ကျွမ်းကျင်သူဖြစ်ရမည်။ အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဆက်သွယ်ရန်ဖုန်း - ၇၂၂၄၇၂၊ ၆၈၅၁၀၆၊ ၂၄၇၈၅၀

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒုတိယဗိုလ်မှူးကြီးစံဝင်း (ငြိမ်း) ဘီစီ-၅၂၆၂
ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်
နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
ဂျပန်ခေတ်တတိယပတ်ဗိုလ်သင်တန်းကျောင်းဆင်း(မင်္ဂလာဒုံ)
B.A (Eco)
ပေါင်းတည်(စီးကုန်း)
အသက် (၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် ၆၄၉ (စီ)နေ (သစ်တောဝန်ထောက် ဦးဘကြည်-ဒေါ်သန်းမေ)တို့၏သား၊ ဒေါ်မြမြသန်း၏ခင်ပွန်း၊ (ဗိုလ်ကြီးသန်းထွဋ်)-ဒေါ်မြသန်းဝင်း(စက်မှု-၁၊ငြိမ်း)၊ ဒေါက်တာခင်မဥ္ဇူဝင်း၊ ဦးဌေးလွင်ဝင်း(လ/ထတိုင်းဥပဒေအရာရှိ၊ ပဲခူးတိုင်း)-ဒေါ်မမလေး(ဦးစီးအရာရှိ၊ ငါးလုပ်ငန်းဦးစီးဌာန)၊ ဒေါက်တာစိုးလွင်ဝင်းတို့၏ဖခင်၊ မကံကော်မောင်၊ မောင်သော်ထင်ဝင်း၊ မောင်လင်းသာဝင်း၊ မောင်ပြည်ဆန်းဝင်း၊ မသိမ့်လွင်ဝင်းတို့၏အဘိုးသည် ၂၂-၁၀-၂၀၀၃ရက် ညနေ ၄း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်ပါ၍ ၂၄-၁၀-၂၀၀၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
သီရိပျံချီ ဦးကြည်
တိုင်းမင်းကြီး(ငြိမ်း)၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ(ငြိမ်း)
အသက်(၈၅)နှစ်

စစ်ကိုင်းတောင်ရိုး၊ ကျစွာချောင်၌ ၆-၁၀-၂၀၀၃ရက်တွင်ကွယ်လွန်သော ကျေးဇူးရှင်ဖခင်ကြီး၏နာရေးကိစ္စတွင် ဆောင်ရွက်ပေးတော်မူကြသော ဩဝါဒါစရိယနှင့် နာယကဆရာတော်များ၊ ပဓာနဦးဆောင် ကျစွာချောင်နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်အမှူးပြုသည့် သံဃာတော်များ၊ ထက်/အောက်မြန်မာပြည် ကြီးကြပ်ထောက်ပံ့ရေးအဖွဲ့ဝင်များ၊ ဂိလာနုပဋ္ဌာက ဆေးပညာရှင်များ၊ ကုသပေးသည့် ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံမှ ဆရာဝန်များ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးနှင့် ရပ်နီးရပ်ဝေးမှ စာ၊ ကြေးနန်း၊ တယ်လီဖုန်းတို့ဖြင့် မေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၃-၁၁-၂၀၀၃ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း

၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း

အခြေစိုက်အလုပ်ရုံအမှတ်(၁)

၁။ တွင်ခုံ/ဖောက်ခုံသင်တန်း

၂။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း

၃။ အခြေခံလျှပ်စစ်သံဂဟေဆက်နှင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း

၄။ ခေတ်မီမော်တော်ယာဉ်ငယ်များ၏ လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင်ခြင်းသင်တန်း

၅။ အဆင့်မြင့် ဓာတ်ငွေ့ဂဟေဆက်သင်တန်း (လျှပ်စစ်ဂဟေဆက်၊ ဓာတ်ငွေ့ဂဟေဆက် Tig နှင့် Mig ဂဟေဆက်)

၆။ အခြေခံလေအေးပေးစက် ပြုပြင်ထိန်းသိမ်းမှုသင်တန်း

တည်နေရာ

ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၁) မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ် (မဟာဗန္ဓုလတံတားအနီး)

ဖုန်း-၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ အစီအစဉ်ဖြင့် အောက်ပါ (၃)လသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Business Studies (CBS)

(ခ) Certificate in Advanced Business Studies (CABS)

၂။ CBSသင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင် သို့မဟုတ် အခြေခံပညာအထက်တန်း အဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ် ရရှိထားသူဖြစ်ရမည်။ (လက်မှတ်မူရင်းနှင့် မိတ္တူယူပူးတွဲတင်ပြရန်)

၃။ CABSသင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ သို့မဟုတ် CBSလက်မှတ်ရရှိထားသူဖြစ်ရမည်။(လက်မှတ်မူရင်းနှင့်မိတ္တူယူပူးတွဲတင်ပြရန်)

၄။ လျှောက်လွှာစတင်ရောင်းမည့်နေ့ - ၂၉-၁၀-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

၅။ သင်တန်းစတင်မည့်နေ့ - ၆-၁၁-၂၀၀၃(ကြာသပတေးနေ့)

၆။ ဆက်သွယ်ရန်လိပ်စာ - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၅၃၆၄၃၆၊ ၆၆၂၅၁၅၊ ၅၉၁၄၁၅၊ ၅၉၁၄၁၆ တို့တွင် စုံစမ်းနိုင်ပါသည်။

၈။ သင်တန်းသားဦးရေကန့်သတ်ထားသည်။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင်အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စန်ဘွန်ဟော့(ခ)ဦးဟော်ဝါး
(မြိတ်)
အသက်(၉၁)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ကုန်သည်လမ်း (B)လမ်း၊ အမှတ် ၂၆ နေ ဒေါ်လက်နီ၏ခင်ပွန်း၊ ဒေါ်ရှင်မာ၊ဒေါ်ကျန်မာတို့၏မောင်၊ ဦးမြင့်နိုင်-ဒေါ်မြင့်မြင့်ကြူ၊ ဦးမြင့်စိုး-ဒေါ်ရှုစိုင်၊ ဦးမြင့်သိန်း-ဒေါ်ကြူကြူအေး၊ ဦးမြင့်ရှိန်-ဒေါ်ရှုယိန်၊ ဦးမြင့်ဆွေ-ဒေါ်ချိုချိုယု၊ ဒေါ်စန်းစန်းရီ၊ ဦးမြင့်ထွေး-ဒေါ်နန်းသန်းသန်းနု၊ ဦးဝင်းနိုင်-ဒေါ်စန်းစန်းဝင်းတို့၏ဖခင်၊ မြေး ၁၇ ယောက်တို့၏အဘိုးသည် ၁၈-၁၀-၂၀၀၃ရက် ညနေ ၃း၃၀နာရီတွင် အမှတ် ၆၀၊ ဗဟိုလမ်း၊ ထားဝယ်စုရပ် ဦးမြင့်စိုး-ဒေါ်ရှုစိုင်တို့၏နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ကျမ်းတိတ်သချိုင်းသို့ ပို့ဆောင်မြှုပ်နှံသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သင်းနွဲ့
အသက်(၈၈)နှစ်

တီချယ်ကြီး ဒေါ်နွဲ့နွဲ့(ဌာနမှူး၊ ငြိမ်း၊ မနုဿဗေဒ၊ ရန်ကုန်တက္ကသိုလ်)၏အစ်မကြီး ဒေါ်ခင်သင်းနွဲ့သည် ၂၁-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်အနိစ္စရောက်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

မနုဿဗေဒမှတပည့်များ။

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ရွှေ(တွဲဖက်ပါမောက္ခ၊ပထဝီဝင်ဌာန)ဟင်္သာတ တက္ကသိုလ်သည် ၁၈-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှကြေကွဲဝမ်းနည်းမှုဖြစ်ရပါသည်။

DEM (3) သင်တန်းသား၊သင်တန်းသူများ
ရန်ကုန်စီးပွားရေးတက္ကသိုလ်။

ဝမ်းနည်းကြေကွဲခြင်း
မောင်အောင်ခိုင်
အသက်(၂၂)နှစ်

ဦးဌေးမြင့်(အဲယားမန္တလေး)-ဒေါ်ရင်ကြည်တို့၏သား မောင်အောင်ခိုင်သည် ၂၂-၁၀-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Auto Net Travels နှင့်
Oriental Comet Travels မိသားစု။

ဒေါ်ကျင်နု
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း ၂၊ အေးရတနာလမ်း၊ အမှတ် ၂၃၈ နေ (ဦးရောင်ကြည်-ဒေါ်ရှောက်တီ)တို့၏သမီး၊ (ဦးစောမာတင်-ဒေါ်ဖွား)တို့၏သမီးချွေးမ၊ (ဦးရှန်ခင်)၊ (ဒေါ်ခင်မာလင်း)တို့၏ ညီမ၊ [ဦးစောယုဟို(ခ)ဦးခင်မောင်]၏ ဇနီး၊ မလှမြင့်၊ ကိုကျော်သန်း- မရီရီဝင်း၊ ကိုသိန်းမြင့်၊ ကိုမြင့်ဌေး၊ မဝင်းမြ (မိုး/ဇလ)၊ ဗိုလ်မှူးကျော်စိုး-ဒေါက်တာဥမ္မာဆင့်၊ ကိုမြင့်နိုင်(လဲဘူးကျေးလက် ကျန်းမာရေး၊တောင်ငူ)-မမယ်အောင်၊ ကိုအေးမြင့် (Dagon Brewery Co.,Ltd.)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၂-၁၀-၂၀၀၃ရက် နံနက် ၅း၅၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံခုတင်(၅၀၀)၌ ကွယ်လွန်သွားပါ၍ ၂၄-၁၀-၂၀၀၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်အေး
(ကျောက်တန်းမြို့)
အသက်(၇၀)

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ စံချိန်မီ (၂)ရပ်ကွက်၊ စိမ့်စမ်းလမ်းနေ ဦးမောင်စိန်၏ဇနီး၊ မောင်သန်းနိုင်-မဝါဝါခိုင်၊ မအေးအေးခိုင်၊ ဗိုလ်ကြီးဝင်းမြင့်ခိုင်(ယာယီတပ်ခွဲမှူး၊ ဗိုလ်မှူး)-မဝင့်နန္ဒာ၊ တကကျော်ကျော်တို့၏မိခင်၊ ခိုင်မြတ်မွန်ဝင်း၊ သားသားလေးတို့၏အဘွားသည် ၂၁-၁၀-၂၀၀၃ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ပါဒကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကြည့်မြင်တိုင်ကျောင်းကြီးတိုက်
(ဓာတ်မီးပူဇော်ရေးနှင့်
ဝေယျာဝစ္စအသင်း)ဥက္ကဋ္ဌ
ဦးကျော်ဖံ
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊အမှတ် ၆၉ နေ ကြည့်မြင်တိုင်ကျောင်းကြီးတိုက် ဓာတ်မီးပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်း၏ဥက္ကဋ္ဌ ဦးကျော်ဖံသည် ၂၁-၁၀-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် အနောက်ပိုင်းဆေးရုံမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဦးကြီးမောင်
လက်ထောက်အင်ဂျင်နီယာ(ငြိမ်း)
ပုံဆွဲဌာနမှူး (MEPE)၊
ရန်ကုန်တိုင်း
အသက်(၇၆)နှစ်

သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ သလ္လာဝတီ ၂ လမ်း၊ အမှတ် ၁၅၄၇(ခ) နေ (ဦးဘရင်-ဒေါ်အေးစိန်)တို့၏သား၊ (ဒေါ်စိန်ကြည်)၏ ခင်ပွန်း၊ ဦးထွန်းသောင်း-ဒေါ်တင်ရီ၊ ဦးမောင်မောင်မြင့်-(ဒေါ်မြမြ)၊ ဦးမြင့်ကြည်-ဒေါ်တင်မိုးမြင့်တို့၏အစ်ကို၊ကိုခင်မောင်ကြည်(လ/ထ စက်ရုံမှူး၊ အမှတ်-၁၊ သကြားစက်၊ ဒဟတ်ကုန်း)-မစိုးစိုးနွယ်၊ ကိုခင်မောင်လတ်(လှိုင်သာယာမြို့နယ်လျှပ်စစ်ရုံး)-မစီစီထွန်း၊ ကိုမောင်မောင်လွင် (မရမ်းကုန်းမြို့နယ် လျှပ်စစ်ရုံး) - မစန်းစန်းကြည်၊ ကိုမောင်မောင်ဝင်း(မိုဘိုင်း အလုံဓာတ်အားပေးစက်ရုံ) - မသန္တာမြင့် (မြန်မာ့ရုပ်/သံ)၊ (ကိုဇော်ဝင်း)၊ မောင်ကိုလေး-မလဲ့လဲ့ဝင်း၊ ကိုကျော်စွာလင်း-မအိဖြူတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၀၃ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့ တလိုင်းစုရပ်နေ ဦးနောင်ပြူး-ဒေါ်ဝင်းတို့၏ သားဖြစ်သူ မောင်စိုးနိုင်သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ၎င်းအား ၁-၁၀-၂၀၀၃ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်သည်။

ဖခင် ဦးနောင်ပြူး၊ အမိ ဒေါ်ဝင်း
တလိုင်းစုရပ်၊ မြိတ်မြို့။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးလှဖေ
အသက်(၈၉)နှစ်

စစ်ကိုင်းတိုင်း၊ ပါယ်ငါးဆယ်ကျေးရွာနေ (ဦးသင်း-ဒေါ်ကရင်)တို့၏သား၊ (ဦးထွေး)၏တူ၊ ရန်ကုန်တိုင်း၊သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ ၁၆လမ်း၊ အမှတ် ၂၁ နေ ဒေါ်တင်ညွန့်၏ ခင်ပွန်း၊ ဦးမြင့်စိုး (တိုင်းရင်းသမားတော်)-ဒေါ်ကြည်ကြည်(ဦးမောင်ခင်)-ဒေါ်လှပို၊ ဦးဇော်ဝင်း(မြန်မာ့အလင်း၊ ငြိမ်း)-ဒေါ်ခင်ခင်ဆွေ (အလယ်တန်းပြ၊ ရုံးသပြေကန်၊ အလက၊ သန်လျင်)၊ အရာခံဗိုလ်မျိုးမြင့်မောင်(လားရှိုး)-ဒေါ်ခင်ထွေးရီ၊ ဦးအေးချို-ဒေါ်တင်တင်စိန်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂၂-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၀၃ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်း ဒါယကာကြီး
ဦးကျော်ဖံ
(နယူးဘားမား ခဲစာလုံးစက်)
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် ၆၉ နေ (ဦးရွှေတူ)(ဒေါ်စောရင်)၊ (ဒေါ်ချိန်စင်း)တို့၏သား၊ (ဦးရောင်စိန်-ဒေါ်စောချိန်း)၊ (ဦးဟုန်ကျင်-ဒေါ်စောကြည်)၊ ဦးဝင်းမြင့်-(ဒေါ်စောရီ)၊ (ဦးမြင့်သိန်း -ဒေါ်အမာကြည်)၊ ဦးထွန်းကြည်-ဒေါ်ခင်စောနွယ်တို့၏အစ်ကိုကြီး၊ ဒေါ်မြသင်၏ခင်ပွန်း၊ မစန်းစန်းတင့်၊ (မမြင့်မြင့်ကြည်)၊ မအေးအေးလှတို့၏ဖခင်သည် ၂၁-၁၀-၂၀၀၃ရက် ည ၈း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် အနောက်ပိုင်းဆေးရုံမှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးအောင်(ခ)ဦးပိုလန်
(အလိန်လယ်)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၇၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဘသက်-ဒေါ်လုံးတို့၏ သား၊ ဒေါပုံမြို့၊ အမှတ် ၂၃၃(က)၊ ယမုံနာ ၂ လမ်း၊ (၂)ရပ်ကွက်နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ အမှတ် ၁၂၊ အခန်း ၃(က)၊ ၁၄၆ လမ်းနေ (ဦးမျိုးသွင်)-ဒေါ်သန်းသန်းအေး(ထက်ထက်) (အလက-၃၊ ဒေါပုံ)တို့၏ဖခင်၊ မောင်ဖြိုးအောင်ကျော်(2nd MB, IM-I)၊ မကေခိုင်စိုး(X-F, အထက-၁၊ ဒဂုံ)တို့၏အဘိုး၊ ပဲခူးမင်းဓမ္မတောင်-၅၅၀ သာသနာပြုစခန်း၊ လှည်းကူးမြို့နယ်၊ အောင်သပြေတောင်၊ပွင့်ကိုးပါးစေတီတော်၊ သာသနာပြုအကျိုးတော်ဆောင်သည် ၂၁-၁၀-၂၀၀၃ရက် နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ် ၂၃၃(က)၊ ဒေါပုံနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

မောင်အောင်ခိုင်
အသက်(၂၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၅၁၊ တတိယထပ်(ယာ)၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်းကြီးရပ်နေ ဦးဌေးမြင့်(အဲယား မန္တလေး)-ဒေါ်ရင်ကြည်တို့၏ သား၊ မသူဇာခိုင်၏အစ်ကို၊ (ဦးသောင်းမောင်-ဒေါ်သန်းရွှေ)၊ (ဦးကျော်ခင်)-ဒေါ်ညွန့်တို့၏မြေး၊ ဦးကျော်ညွန့်-ဒေါ်ထွေးရီ၊ ဦးမြင့်မောင်-ဒေါ်ခင်ကြည်၊ ဦးကျော်ဝင်းအောင် - ဒေါ်သော်သော်ထွန်း၊ ဦးလှဆွေ-ဒေါ်ခင်သင်းနွယ်တို့၏တူသည် ၂၂-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁၀-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘကြည်
အသက်(၉၄)နှစ်

ဦးသန်းအောင်-ဒေါ်ကျင်မြတို့၏ ဦးလေး၊ ဒေါ်မြလေး၏ခင်ပွန်း၊ ဦးမြင့်သိန်း-ဒေါ်လှလှသန်းတို့၏ ဖခင်သည် ရန်ကုန်မြို့၊ ဗဟန်း ၁ လမ်း၊ အမှတ် ၃၀/၃၂ နေအိမ်၌ ၂၁-၁၀-၂၀၀၃ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းမောင်
(လှည်းဆိပ်၊ နေဖြူမြို့)
အသက်(၈၀)

သာကေတမြို့နယ်၊(၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက် ၁၂ လမ်း၊ အမှတ် ၉၉၄ နေ (ဦးမာဒင်-ဒေါ်ပေါ)တို့၏သား၊ ဦးကျင်လှိုင် - ဒေါ်အုန်းလှ၊ ဒေါ်အေး၊ (ဦးတင်မြင့်-ဒေါ်မပုံ)တို့၏အစ်ကို၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးမြင့်လွင်-ဒေါ်မြင့်မြင့်ခင်၊ ဦးစိုးတင့်-ဒေါ်ခင်မာစိန်၊ (ဦးလှကြူ)၊ ဦးချစ်ဦး-ဒေါ်အေးအေးသင်း၊ (ဦးစိုးမင်း)-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၂-၁၀-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၀၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြမောင် (ဟင်္သာတမြို့)
(ဥက္ကဋ္ဌ၊ အလုံမြို့နယ်
သမဝါယမအသင်း)
အသက်(၇၈)နှစ်

ဟင်္သာတမြို့နေ(ဦးတင့်-ဒေါ်ကြွေ)တို့၏သား၊ (ဦးတလုတ်-ဒေါ်အေး)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝဋ္ဋုဝန်အိမ်ရာစခန်း၊ တိုက် ၁၂၊ အခန်း ၁ နေ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဦးထွန်းသိန်း-ဒေါ်အုန်းမြင့်တို့၏အစ်ကို၊ ဦးအောင်ထွဋ်(တိုင်းဦးစီးမှူး၊ မုံရွာ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်မြမြအေး၊ဦးစိန်ထွန်းအောင်(ဟိုတယ်/ခရီး၊ငြိမ်း)-ဒေါ်ခင်သန်းကြွယ်(ဟိုတယ်/ခရီး)၊ ဦးဇော်မြင့်(MT၊ရတနာ-၃)-ဒေါ်ခင်သန်းနွယ်(ခ)နီလာ(ဟိုတယ်/ခရီးဝန်ကြီးရုံး)၊ (ဦးထွန်းပိုင်)-ဒေါ်ချယ်ရီ (ကြည့်မြင်တိုင်မြို့နယ် သမဦးစီးဌာန)တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၂-၁၀-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၂၄-၁၀-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တာ(ခ)ဒေါ်မိမိကြီး
(လေးမျက်နှာမြို့)
အသက်(၇၇)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၁)ရပ်ကွက်၊ မြဝတီမင်းကြီး ၃ လမ်း၊ အမှတ် ၉၇၇-က နေ ဦးသိန်းမောင်၏ဇနီး၊ ဦးစောနိုင်-ဒေါ်သီတာအောင်၊ ဦးသက်ဆွေ-ဒေါ်မာမာသိန်း၊ ဦးသက်လွင်-ဒေါ်နီလာသိန်းတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၂-၁၀-၂၀၀၃ရက် နံနက် ၅း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက်မှာပင် ဒဂုံမြို့သစ်(မြောက်ပိုင်း)ထားဝယ်ချောင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးပေါ်သိမ်း (မအူပင်၊ ကျွဲတုံး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၁၉၊ ဆင်မင်းလမ်း၊ အလုံမြို့နယ်နေ (ဦးအောင်လူ-ဒေါ်ကျင်)တို့၏သား၊ ဒေါ်ခင်သိန်း၏ခင်ပွန်း၊ ဒေါ်သန်းစိန်၏မောင်၊ ဦးဖုန်းမြင့်-ဒေါ်ခင်သက်ချို၊ ကိုထွန်းကျော်-မမြင့်မြင့်နိုင်၊ကိုတင်ဌေး-မနုနုဆွေတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၀၃ရက် ညနေ ၃ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယကာကြီးနှင့်
ရန်ကုန်မြို့လုံးဆိုင်ရာ
ပရိယတ္တိသာသနာနုဂ္ဂဟ
ဆန်လှူအသင်းကြီး၏နာယက
ဦးကျော်ဖံ
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ် ၆၉ နေ ရာသက်ပန်အသင်းဝင် ဒေါ်မြသင်၏ခင်ပွန်း နာယကဦးကျော်ဖံသည် ၂၁-၁၀-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါ၍ ၂၃- ၁၀-၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။အမှုဆောင်များလိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဒေါ်ခင်သင်းနွဲ့ (B.A)
အငြိမ်းစား စာတည်း
တက္ကသိုလ်ဘာသာပြန်နှင့်
စာအုပ်ထုတ်ဝေရေးဌာန
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၆၊ ကမ္ဘောဇရိပ်သာနေ(ဦးဒွေး-ဒေါ်စံယု)တို့၏သမီး၊ (အငြိမ်းစား၊ အင်္ဂလိပ်စာ ပါမောက္ခ ဦးမျိုးမင်း)၏ဇနီး၊ (ဒေါ်မမကြီး-ဦးထွန်းအုံ)တို့၏ညီမ၊ ဒေါ်ကြည်ကြည်-ဦးဝန်(မင်းသုဝဏ်)၊ ဒေါက်တာဝင်းလွင်-ဒေါက်တာဒေါ်ခင်ကြည်ကြည်၊ ဒေါ်နွဲ့နွဲ့တို့၏အစ်မ၊ ဒေါက်တာခင်ဆွေမင်း-ဒေါက်တာလှိုင်မြ၊ ဒေါ်မင်းသက်မွန်-ဦးသိန်းတန်၊ ဦးကျော်မျိုး-ဒေါ်သီသီ၊ ဒေါက်တာမင်းခင်မျိုး(Beauty Swe)၊ ဒေါက်တာမျိုးဆွေ (Gilbert)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၁-၁၀-၂၀၀၃ရက် (အင်္ဂါနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁၀-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးစောအောင်
(ရွှေစင်ကဖီး)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်းနေ (ဦးကျော်ညွန့်-ဒေါ်သောင်းကြည်) ဒေါ်သန်းနုတို့၏သား၊ အိမ်မဲမြို့၊ ချောင်းဝပိုင်းနေ (ဦးမှုံ-ဒေါ်သိန်းကွန့်)တို့၏ သားသမက်၊ ဒေါ်ခင်မူ၏မောင်၊ ကိုဝင်းလှိုင်၊ မညွန့်ညွန့်စိန် (ကိုမောင်ကြီး)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ တိုက်အမှတ် ၁၈၊ အခန်း A°/°3နေ ဒေါ်ညွန့်၏ခင်ပွန်း၊ ကိုတင်ထွန်း-မလွင်လွင်အောင်၊ ကိုသန်းကျော်(ခေတ္တ-အိုင်ယာလန်)၊ ကိုသန်းအောင်-မနီနီအောင်(ခေတ္တ-အိုင်ယာလန်)၊မောင်မင်းမင်းဇော်တို့၏ဖခင်၊ မလဲ့လဲ့ထွန်း(X-B၊ အထက-၄၊ အလုံ)၏အဘိုးသည် ၂၂-၁၀-၂၀၀၃ရက် နံနက် ၃း၅၅ နာရီတွင် အာရုတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၁၀-၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့်
(ကညွတ်ကွင်း)
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊တာမွေကြီး(ခ)ရပ်ကွက်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊အခန်း(3/B)၊ တိုက်အမှတ် ၈-၁၀၊ ဒုတိယထပ်နေ ဦးထွန်းလှိုင်-(ဒေါ်ဝဲ)တို့၏သမီး၊ ဦးလှတင်-ဒေါ်ကြည်ကြည်(ဖဒို)တို့၏ ညီမ၊ ဦးတင့်ဆန်း-ဒေါ်ကလျာဦးတို့၏အစ်မ၊ မောင်တင်မင်းခိုင်၊ မောင်တင်မင်းနိုင်-မနော်လေးဖော၊ မဖြူဖြူခိုင်တို့၏အဒေါ်သည် ၂၁-၁၀-၂၀၀၃ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၁၀-၂၀၀၃ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၁၃၃၊ မန်နေဂျာ ၅၄၄၁၃၄၊ စာတည်းအဖွဲ့ ၅၄၄၁၀၉၊ စီမံ ၅၄၄၁၃၅၊ ငွေစာရင်း ၅၄၄၁၃၆၊ ဖြန့်ချိ ၅၄၄၁၃၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၁၃၈။ R. 488

အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးတက်ရန် အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၀၃ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၉)ကြိမ်မြောက် အာဆီယံ ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန်အတွက် မလေးရှား၊ လာအို၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘရူနိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့သည် ယနေ့နံနက်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းတို့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့အား မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်-မန္တလေးခြောက်လမ်းသွားလမ်းမကြီးတိုးချဲ့ရေးစီမံကိန်း မန္တလေး-စဥ့်ကိုင်အပိုင်း အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းခင်းပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၂

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါ၍ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီး တိုးချဲ့ရေး စီမံကိန်း၌ ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူဖောက်လုပ်နေသော မန္တလေး-မိတ္ထီလာအပိုင်းရှိ မန္တလေး-စဥ့်ကိုင် အပိုင်း ၁၈ မိုင်အထိ အဆင့်မြင့်နိုင်လွန်ကတ္တရာလမ်းခင်း ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စဥ့်ကိုင်မြို့နယ် မြို့သာကုန်းကျေးရွာအနီးရှိ Toll Gateသို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ ဦးစိုးဖီးလစ်ရှိက Toll Gateအဆောက်အအုံ တည်ဆောက်ပြီးစီးနေမှုနှင့် မော်တော်ယာဉ်များအား ကွန်ပျူတာဖြင့် အလေးချိန်တိုင်းတာမှုလုပ်ငန်းများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ သည် စဥ့်ကိုင်မြို့နယ်မှ ကျောက်ဆည်မြို့နယ်အပိုင်း မိုင် ၁၄ မိုင်အထိ အဆင့်မြင့်နိုင်လွန် ကတ္တရာလမ်းနှင့် လမ်းဟောင်းကို စက်ယန္တရားကြီးများဖြင့် ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် လမ်းအရှည် ၁၀မိုင် ဖြဖာလုံရှိ ကျောက်ဆည် တန်စိုးဂိတ်မှ မင်းစု-မြစ်သားလမ်း လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များ သည်နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ မင်းစုစံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၄ ■

ယနေ့ထုတ်စောင်ရေ ၂၀၂၁၆၀

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေးလူထုအစည်းအဝေးကိုယ်စားလှယ်များ ပုဂံဒေသနေပြည်သူများ၏နေအိမ်များ၌ ရင်းနှီးချစ်ကြည်စွာစခန်းချနေထိုင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလေ့လာပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၂

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၌ကျင်းပသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အောင်မြင်ရေး လူထုအစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များသည် အောက်တိုဘာ ၁၉ ရက် နှင့် ၂၀ ရက်တို့တွင် ကုန်းလမ်းခရီး မော်တော်ယာဉ်၊ မီးရထား၊ လေကြောင်းခရီးတို့ဖြင့် ပုဂံ-ညောင်ဦးမြို့သို့ စုံညီစွာရောက်ရှိကြသည်။

ထိုသို့ရောက်ရှိကြရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူလူထု ကိုယ်စားလှယ်များနှင့် ပုဂံဒေသနေပြည်သူများ ထိတွေ့ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိကြပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားရေးကို ရည်ရွယ်လျက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် လူထုကိုယ်စားလှယ်များအား ပုဂံညောင်ဦးဒေသ ရပ်ကွက်အသီးသီးရှိ ပြည်သူများ၏ နေအိမ်များ၌ စခန်းချတည်းခိုနေထိုင်နိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့သည်။

ကချင်ပြည်နယ်

ယင်းအစီအစဉ်အရ ကချင်ပြည်နယ်မှ တက်ရောက်လာသော ကိုယ်စားလှယ် ၁၀၀ တို့သည် ညောင်ဦးမြို့နယ် အမှတ်(၄) ရပ်ကွက်နှင့် သူငွေးကန်ကျေးရွာတို့၌ စခန်းချတည်းခိုကြသည်။ ထိုသို့ ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များတည်းခိုရာ ရပ်ကွက်များရှိ နေအိမ်များသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းဇော် သွားရောက်၍ အိမ်ရှင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ *စာမျက်နှာ ၉ ကော်လံ ၃* ●

မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူလူထုကိုယ်စားလှယ်များနှင့် ပုဂံဒေသနေပြည်သူများ ထိတွေ့ရင်းနှီးချစ်ကြည်မှု ပိုမိုရရှိကြပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားရေးကို ရည်ရွယ်လျက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် လူထုကိုယ်စားလှယ်များ ပုဂံ-ညောင်ဦးဒေသ ရပ်ကွက်အသီးသီးရှိ ပြည်သူများ၏ နေအိမ်များ၌ ရင်းနှီးချစ်ကြည်စွာ စခန်းချတည်းခို နေထိုင်ကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တွေ့ဆုံအားပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ဗဟို)အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်း ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ ပြည်သူများနှင့် စစ်ကိုင်းတိုင်းမှ ပြည်သူလူထုကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)